လူငယ်တန်းအတွက် ကမ္ဘာ့သာသနာသတင်း

၂၀၂၃ ခုနှစ်၊ ဒုတိယကွာတာ

ဤ ၁၃ ပတ်အလျှင်ငွေသည် အလယ်ဥရောပဒီဂီဇံအတွင်းစီမံကိန်း ၅ ခုကို ထောက်ပံ့သွားမှာဖြစ်သည်။

(၁) ပေါ်တူဂီနိုင်ငံ ခီတီဘယ်မြို့တွင် မူလတန်းကျောင်းဆောက်လုပ်ရန်

(၂) ပြင်သစ်နိုင်ငံ လွိုင်းမြို့တွင် မြော်လင့်ခြင်းအသက်စခန်းတခုဆောက်လုပ်ရန်

(၃) ဆွီဇလန်နိုင်ငံ ဂလန်းမြို့တွင် လူငယ်တောစခန်းနှင့် သင်တန်းစခန်း တည်ဆောက်ရန်

(၄) ရိုမေးနီးယားနိုင်ငံ မွိုင်ဇီမြို့တွင် မူလတန်းကျောင်းဆောက်လုပ်ရန်

(၅) ရိုမေးနီးယားနိုင်ငံ ဂလာတီမြို့တွင် ကျောင်းနေသောကလေးများအတွက် ကျူရှင်ကျောင်းဆောက်လုပ်ရန်

ဒါရီယာသူငယ်တန်းကျောင်းသို့သွားသည်

ဇူလိုင် ၁ ရက် ဒါရီယာ၊ရိုမေးနီးယား

၇ နှစ်အရွယ်ရှိသော ဒါရီယာအတွက် အင်မတန်ထူးခြားတဲ့နေ့တနေ့ဖြစ်ပါတယ်။ဘာကြောင့်လည်းဆိုတော့ရိုမေးနီးယားနိုင်ငံမှာရှိတဲ့သူငယ်တန်းကျောင်းကိုတက်ဖို့ပထမဆုံးသောနေ့ဖြစ်တယ်။ဒါရီယာဟာအဝတ်အစားလှလှပပကိုဝတ်တတ်တယ်။သူ့ရဲ့ပထမဦးဆုံးသူငယ်တန်းကျောင်းကိုတက်မယ့်နေ့မှာအကောင်းဆုံးအင်္ကျီကို ဝတ်လိုက်တယ်။ သူမရဲ့ကောက်နေတဲ့ အညိုရောင်ဆံပင်နဲ့အဖြူရောင်အင်္ကျီလေး၊ ပန်း ရောင်ဦးထုတ်လေး၊ ခရမ်းရောင်ဖိနပ်လေးကို ဝတ်ထားလိုက်တယ်။သူ့ရဲ့ကျောဖက်မှာတော့လိုအပ်တဲ့ပစ္စည်းတွေကိုထည့်ထားတဲ့ကျောပိုးအိတ်ကလေးရှိတယ်။ပြီးတော့စိတ်အားထက်သန်စွာနဲ့အိမ်အပြင်ဖက်ထွက်ပြီးသူ့ရဲ့မိခင်ကိုကျောင်းကို လိုက်ပို့ပေးဖို့စောင့်နေတယ်။

သို့သော်ဒါရီယာထင်သလိုကျောင်းစတက်တဲ့နေ့မှာမပျော်ခဲ့ဘူး။ အတန်းထဲမှာ သူသိတဲ့ကလေးတွေတယောက်မှမရှိဘူး။ ဆရာမကိုလည်းသူမသိ၊ ဆရာမကိုကြည့်တော့ ဆရာမက အကြီးကြီးနဲ့ ကြောက်စရာကောင်းနေတယ်။ ဒါရီယာဟာ ဆရာမကိုကြည့်ပြီးကြောက်နေတယ်။ ဆရာမကျေးဇူးပြုပြီးကျမကိုမစားပါနဲ့လို့စိတ်ထဲမှာပြောမိတယ်။ သူငယ်တန်းကျောင်းတက်လို့ ၂ ရက်မြောက်တဲ့နေ့မှာသူမရဲ့စိတ်တွေပြောင်းလဲသွားတယ်။ကျောင်းတက်ရတာပျော်လာတယ်။ သူငယ်ချင်းတွေလည်းရလာတယ်။ ဆရာမလည်း သနားတတ်ပြီးနှုးညံ့တာကိုတွေ့တော့ကျောင်းကိုဆက်တက်ဖို့စိတ်ကူးလိုက်တယ်။ကျောင်းသွားမယ်ကျောင်းတက်မယ်ဆိုပြီးသူ့ရဲ့မိခင်ကိုပြောခဲ့တယ်။ ကျောင်းတက်ရတဲ့ ရက်ပိုင်းတိုအတွင်းလေးမှာပဲ ဒါရီယာဟာအများကြီးကို သင်ယူလာနိုင်ခဲ့တယ်။ ဒါရီယာရဲ့အမေဟာ ဒါရီယာထမင်းစားတဲ့အချိန်မှာအရင်ကနဲ့မတူပဲပြောင်းလဲတာကိုတွေ့ရတယ်။ မိခင်ကထမင်းစားဖို့ခေါ်လိုက်ရင်ထမင်းပွဲကိုမသွားပဲထမင်းမစားခင်လက်ဆေးရမယ်လို့ ဒါရီယာ

ကျောင်းပြီးတဲ့ခါ စာသင်ပေးတဲ့အဆောက်အဦးများကို ဥရောပမှာရှိတဲ့အစီစဉ်တွေမှာသုံးမှာဖြစ်ပါတယ်။

ကျမဘုရားကျောင်းသွားချင်တယ် လို့ထရီးစာက သူ့အမေကိုပြောတယ်။ ထရီးစာကို ဘုရားကျောင်းခေါ်သွားပေးဖို့မေမေကသဘောတူတယ်။ ရောမမှာရှိတဲ့ သတ္တမနေ့မြော်လင့်ခြင်းဘုရားကျောင်းလိပ်စာကိုတွေ့ကြပြီး မေမေ့ရဲ့ဖုန်းထဲမှာလိပ်စာကိုထည့်လိုက်တယ်။ သို့သော်ဘုရားကျောင်းကိုရှာလို့မတွေ့ဘူး။ သူတို့မီးရထားဘူတာကနေထွက်ပြီး ဘုရားကျောင်းကိုရှာတဲ့အခါမတွေ့ကြဘူး။ လမ်းလျှောက်ကြတယ်။ သုံးကြိမ်လမ်းညွှန်တဲ့ကိရိယာညွှန်ပြတဲ့အတိုင်းသွားကြတယ်။ နောက်ဆုံးဘူတာရုံကိုသူတို့ပြန်ပြီးလာကြတယ်။ ကြာလေနေတအားပူလာတယ်။ မေမေနဲ့တရီးစာဟာ လမ်းရောက်ရပ်လိုက်တယ်။ ထရီးစာစိတ်ပျက်သွားတယ်။ ဒါနဲ့ထရီးစာဆုတောင်းလိုက်တယ်။ "ကိုယ်တော် ကျမကိုယ်တော်ရဲ့အိမ်ကို သွားချင်တယ်။ ကိုယ်တော်ကိုကျမရှာနေတယ်။ ဘာကြောင့်ကိုယ်တော်ကိုမတွေ့တာလဲ။"

သူဆုတောင်းပြီးတဲ့အခါ ခေါင်းကိုလှည့်လိုက်တယ်။ ဆိုင်းဘုတ်တစ်ခုတွေ့ပြီး သူဖတ်တဲ့အခါ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်လို့ရေးသားထားတာတွေ့လိုက်တယ်။ သူတို့တွေ့ပြီးဘုရားကျောင်းရှေ့တည့်တည့်မှာ သူတို့ရပ်နေကြတယ်။ အဲဒီဥပုသ်မှာ ထရီးစာနဲ့မေမေဟာ ဘုရားကျောင်းထဲဝင်ပြီးဘုရားရှိခိုးခဲ့ကြတယ်။ ခုချိန်မှာ ထရီးစာဟာအသက် ၁၄ နှစ်ရှိပြီး သူ့မေမေနဲ့ဘုရားကျောင်းအမြဲသွားကြတယ်။ သူ့ရဲ့အကိုကြီး ၂ ယောက်နဲ့ ညီမလေးလည်းဘုရားကျောင်းသွားကြတယ်။ ထရီးစာဟာသူ့ရဲ့မိသားစုကိုဘုရားကျောင်းသို့ပြန်ခေါ်ဆောင်လာဖို့ ဘုရားသခင်ထရီးစာကိုအသုံးပြုခဲ့တယ်။

သင်တို့ရက်ရောစွာထည့်ဝင်တဲ့ ၁၃ ပတ်အလှူငွေအတွက် ကျေးဇူးတင်ပါတယ်။ ဒီအလှူငွေတွေဟာဥရောပအလယ်ပိုင်းဒီဂေဇံမှာ သာသနာလုပ်ငန်းကိုလုပ်ဆောင်ဖို့အသုံးပြုသွားမျှဖြစ်ပါတယ်။ မကြာခင်ကြွလာမည့် ခရစ်တော်ရဲ့ဝမ်းမြောက်စရာသတင်းစကားကိုဟောကြားမှာဖြစ်ပါတယ်။ အလှူငွေဟာ မစ်ရှင်ပေါင်း ၃ ခုမှာရှိတဲ့အမှုတော်ပရောဂျက်တွေသုံးမှာဖြစ်ပါတယ်။ မူကြိုကျောင်းများ

ပြောတယ်။ ဒါရီယာရဲ့မိခင်ကတော့ဝမ်းမနည်းပါဘူး။ဘာဖြစ်လို့လဲဆိုတော့အရင်တုန်းကဒါရီယာဟာမြေကြီးပေါ်မှာဆော့ပြီးရင် မိခင်ကလက်ဆေးလက်ဆေးလို့ပြောရင်တောင် ဒါရီယာက No No လို့ငြင်းတတ်တယ်။ အခုတော့ လက်ဆေးဖို့ မပြောတာတောင် လက်ဆေးတတ်နေပြီဆိုတော့ အမေကကောင်းလိုက်တာလို့ စဉ်းစားလိုက်တယ်။ လက်ဆေးပြီးခြောက်သွားတဲ့အခါဒါရီယာဟာစားပွဲပေါ်မှာရှိတဲ့ ရိုမေးနီးယားလူမျိုးတွေစားနေကျအစာဖြစ်တဲ့ Samalie (စတမလီ) ဂေါ်ဖီနဲ့ချက်ထားတဲ့အရာနဲ့ ပြောင်းပေါင်မုန့်လိုစားဖို့ထိုင်လိုက်တယ်။ အချိုတည်းဖို့ကိုတော့မိခင်က plam ဂျယ်လီနဲ့လုပ်ထားတဲ့ဒယ်လေးမုန့်ပြုလုပ်ထားပေးတယ်။

ဒီတစ်ခါ ဒါရီယာက စားဖို့ငြင်းဆန်ပြီး ဆုတောင်းရမယ်လေ ဆိုပြီးပြောတယ်။ ဒါရီယာရဲ့မိခင်ကတော်တော်အံ့သြသွားတယ်။ သူတို့မိသားစုက များသောအားဖြင့် စားပွဲမှာဆုတောင်းလေ့မရှိဘူး။ ဒါနဲ့ ဒါရီယာ ခေါင်းလေးကိုငုံ့ပြီး မျက်စိကိုပိတ်လိုက်တယ်။ ဆုတောင်းဖို့ သူမရဲ့လက်ကလေး ၂ ဖက်ကို ယှက်လိုက်တဲ့အခါသူမရဲ့မျက်နှာလေးဟာအင်မတန်အပြစ်ကင်းစင်နေတယ်။ ကောင်းကင်ဘုံ၌ရှိတော်မူသောအဖ...ဒီနေ့နဲ့မနက်ဖြန်အတွက်ကူညီပါ။ အာမင်....

ဒါရီယာဟာကျောင်းမှာအများကြီးသင်ယူလေ့လာခဲ့တယ်။ ဘယ်လိုသန့်ရှင်းအောင်လုပ်ရမလဲ၊ ဘုရားသခင်အကြောင်းနဲ့ဘယ်လိုဆုတောင်းရမလဲဆိုတာတွေကိုသင်ယူခဲ့တယ်။ ဘယ်လိုရောင်စုံခြယ်ရမလဲ၊ မြေကြီးပေါ်မှာရှိတဲ့ကျောက်တုံးတွေ ပန်းတွေကို ဘယ်လိုရောင်ခြယ်ရမလဲဆိုတာတွေကို သင်ခဲ့တယ်။ အက္ခရာနဲ့အရောင်တွေ၊အပင်တွေကိုလဲသင်ကြားခဲ့တယ်။ရိုမေးနီးယားမှာတော့သူငယ်တန်းနဲ့ပထမတန်းကြားမှာသုညတန်းကိုတက်ကြရတယ်။
ဒါရီယာဟာသုညတန်း မှာထဲကစားရေးတတ်ဖတ်တတ်နေလို့ဆရာမကအံ့သြနေတယ်။ သူငယ်တန်းကို ဘယ်မှာတက်တာလဲလို့တောင်မေးခဲ့တယ်။ ဒါရီယာဟာရိုမေးနီးယားကသတ္တမ နေ့ဥပုသ်အသင်းတော်ရဲ့ကျောင်းမှာတက်ခဲ့တာလို့ဆရာမက သိလိုက်ပါတယ်။

ဒီ ၁၃ ပတ်အလှူငွေဟာ ဒါရီယာတို့နေတဲ့ ရိုမေးနီးယားနိုင်ငံမှာ ကျောင်းဆောက်ဖို့ရန်ဖြစ်တယ်။ ဒါရီယာလို ဘယ်လိုရောင်ခြယ်ရမလဲ အကွာရာလုံးတွေနဲ့ သစ်ပင်တွေအကြောင်း၊ တကိုယ်ရည်သန့်ရှင်းမှုအကြောင်းအဓိကအရေးကြီးတာကတော့ တို့ရဲ့ဆုတောင်းသံကိုနားထောင်တဲ့ကောင်းကင်ဘုံကဘုရားအကြောင်းတွေကို သင်ကြားပေးနေတဲ့ကျောင်းဆောက်ဖို့ဖြစ်တယ်။ စေတနာစိတ်ထက်သန်စွာ အလှူငွေထည့်ဝင်တဲ့အတွက်ကျေးဇူးတင်ပါတယ်။

သတ္တမနေ့ရက်သည် ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏။ (ထွက် ၂၀း၈-၁၀) ကိုဖတ်ပြတယ်။

မေမေကျမ်းစာကိုဖတ်ပြီးတဲ့နောက်မေမေကပြောတယ်။ တွေ့လားထရီးစာ ကျမ်းစာကသတ္တမနေ့ဟာမှန်ကန်တဲ့ဥပုသ်နေ့ဖြစ်တယ်။ တနင်္ဂနွေနေ့မဟုတ်ဘူး။ တစ်နေ့တော့ အမျိုးသမီးတွေဟာ ထရီးစာကို သူတို့ရဲ့ဘုရားကျောင်းသွားဖို့ခေါ်ဖိတ်တယ်။ ထရီးစာသွားချင်တယ်။ ဘုရားကျောင်းသွားဖို့သူ့အမေကို ခွင့်တောင်းတယ်။ နောက်ဆုံးတော့သူ့မေမေကခွင့်ပြုလိုက်တယ်။ အိုကေ နင့်ကို ငါသွားပို့မယ်။ သူ့မေမေကကပြောလိုက်တယ်။ သို့သော်နောက်ရက်အနည်းငယ်မှာထရီးစာနဲ့သူ့မေမေဟာ ရိုမေးနီးယား ကိုနွေရာသီအလည်အပတ်သွားခဲ့တယ်။ မေမေဟာ ရိုမေးနီးယားမှာမွေးခဲ့ တယ်။ ခုသူတို့ဆွေမျိုးဆီသွားကြတယ်။

တစ်နေ့သောနံနက်မှာ မေမေကထရီးစာကိုဘုရားကျောင်းသွားဖို့အသင့်ပြင်ထားနိုင်တယ်။ ထရီးစာထင်တာက အမျိုးသမီး ၃ ယောက်ရဲ့ဘုရားကျောင်းကိုသွားမယ်လို့သူထင်တယ်။ ဘုရားကျောင်းကို သူ့အမေနဲ့ဝမ်းသာစွာသွားတယ်။ ထရီးစာဟာဘုရားကျောင်းကိုအရမ်းနှစ်သက်တယ်။ လူကြီးတွေနဲ့လူငယ်တွေက သူ့ကိုပျော်ရွှင်စွာနှုတ်ဆက်ကြတယ်။ လူတိုင်းဟာခင်မင်တတ်ကြတယ်။

ဘုရားရှိခိုးပြီးတဲ့အခါ မေမေက သူ့ကိုအံ့အားသင့်တဲ့စကားပြောလိုက်တယ်။ ဒါဟာ သတ္တမနေ့မြော်လင့်ခြင်းအသင်းရဲ့ဘုရားရှိခိုးကျောင်းလို့ပြောပြတယ်။ ထရီးစာစဉ်းစားလိုက်တယ်။ သူတက်ချင်တဲ့ဘုရားကျောင်းကိုသူ့အမေသူ့ကိုမပို့ခဲ့ဘူး။ သို့သော်သူဝမ်းမနည်းခဲ့ဘူး။ သူဥပုသ်နေ့မှာဘုရားရှိခိုးတဲ့အစီအစဉ်တွေမှာတအားပျော်ခဲ့တယ်။ ထရီးစာဘုရားကျောင်းတက်တာပျော်တာကို မေမေကပျော်တယ်။ သတ္တမနေ့မြော်လင့်ခြင်းမိသားစုမှာ သူကြီးပြင်းခဲ့တယ်။ အီတလီကို ပြန်ရောက်တဲ့အခါထရီးစာဟာ ဥပုသ်နေ့မှာ ဘုရားကျောင်းကို အမြဲသွားချင်တယ်။

ဇွန်လ 24 Teresa (ထရီးစာ)၊ အီတလီ

အမျိုးသမီး ၃ ယောက်ဟာအီတလီနိုင်ငံရောမမြို့မှာရှိတဲ့ ထရီးစာအိမ်တံခါးကိုခေါက်လိုက်ပါတယ်။ အမျိုးသမီးတွေဟာကြင်နာကြပြီး မိသားစုများနဲ့အတူတကွကျမ်းစာဖတ်ဖို့ရန် တောင်းဆိုပါတယ်။ မေမေဟာ ဘုရားကျောင်းတစ်ခါမှမသွားတဲ့အတွက်ကျမ်းစာကိုမလေ့လာနိုင်ပါဘူး။ ထရီးစာက ၉ နှစ်ပဲရှိပေမယ့်ကျမ်းစာကိုသိနားလည်ချင်စိတ်ရှိပါတယ်။

ထရီးစာ ကသူ့အမေကို ကျေးဇူးပြုပြီးမေမေကျမသူတို့နဲ့အတူကျမ်းစာဖတ်လို့ရမလားလို့တောင်းဆိုပါတယ်။ မေမေဟာ ထရီးစာကျမ်းစာအကြောင်းသိချင်တဲ့စိတ်ရှိတာဂမ်းသာတယ်။ ဒါကြောင့်အမျိုးသမီးများ တနင်္ဂနွေပတ်တိုင်းလာပြီးသူ့သမီးနဲ့ကျမ်းစာဖတ်ဖို့သူသဘောတူလိုက်တယ်။ နောက်ပိုင်းမှာ အဲဒီအမျိုးသမီး ၃ ဦးဟာတနင်္ဂနွေနေ့လည်တိုင်းလာကြပါတယ်။ အမျိုးသမီးများနဲ့ထရီးစာဟာ တစ်နာရီလောက်အမြဲကျမ်းစာဖတ်ဖြစ်ခဲ့ပါတယ်။ ကျမ်းစာဖတ်ပြီးတဲ့နောက်ထရီးစာဟာ သူ့မေမေကို သူတို့လေ့လာပြီးခဲ့တဲ့ကျမ်းစာတွေကိုပြောပြတယ်။ တခါတရံထရီးစာကို အမျိုးသမီးများပြောပြတဲ့အရာတွေကို မေမေကသဘောမတူခဲ့ဘူး။ အဲဒီလိုအခြေအနေမျိုးမှာဆိုရင်မေမေဟာ သူ့ကျမ်းစာအုပ်ကိုဖွင့်ပြီး ထရီးစာကို ကျမ်းစာက ဘာပြောသလဲဆိုတာပြောပြခဲ့တယ်။ မေမေဟာ ဘုရားကျောင်းမသွားပေမယ့် ကျမ်းစာကို ကောင်းကောင်းနားလည်တယ်။ သူ့မှာ လည်းကျမ်းစာရှိတယ်။ တစ်ခါတော့ မိန်းမများက ထရီးစာကို တနင်္ဂနွေနေ့မှာ ဘုရားကျောင်းမှာ ဘုရားရှိခိုးသင့်ကြောင်းပြောပါတယ်။ သူတို့ပြောတဲ့အရာကို ထရီးစာက သူ့မေမေကိုပြောပြတယ်။ မေမေဟာကျမ်းစာကိုဖွင့်ပြီးပညတ်တော်လေးခုမြောက်ကိုဖတ်ပြတယ်။ ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကို အောက်မေ့လော့။ ခြောက်ရက်ပတ်လုံးအလုပ်မျိုးကိုကြိုးစား၍လုပ်ဆောင်လော့။

ဧပြီ ၈ ရက် ကါတလင်၊ ရိုမေးနီးယား

သားရေ - မစ္စစ်မာရိန်းလာဆီသွားလည်ကြရအောင်။ ကါတလင်းအနေနဲ့ အဲဒီလိုမစ္စစ်မာရိန်းလာဆီသွားဖို့ဆိုသိပ်ပြီးတော့ စိတ်မဂင်စားပါဘူး။ သူ့ရဲ့မိခင်နဲ့ မစ္စစ်မာရိန်းလာဟာ အမြဲတမ်းကျမ်းစာအတူတူဖတ်ကြတယ်။ ဒါပေမယ့် ကါတလင်းသူတို့ဖတ်တာ ဘာတခုမှနားမလည်ပါဘူး။ ဒါပေမယ့်သူကြိုက်တာတခုကတော့ သူသွားတိုင်းမစ္စစ်မာရိန်းလာဟာ Savarina (အရမ်းအရသာရှိတဲ့ ရိုမေးနီးယားကကိတ်အပေါ်မှာကရင်မ်အုပ်ပြီးထိပ်လေးမှာချယ်ရီသီးလေးရှိ)ကိုအမြဲတမ်းကျွေးတဲ့အရာပဲဖြစ်တယ်။ ဒီနေ့ကါတလင်းအဲဒီကိတ်ကိုစားချင်နေတယ်။ အိုကေ ...ကျနော်လိုက်မယ်လို့ဖြေလိုက်တယ်။အချိန်တိုလေးမှာပဲကါတလင်းဟာမစ္စစ်မာရိန်းလာရဲ့ အိမ်ကစားပွဲမှာထိုင်လိုက်တယ်။ ကါတလင်းရဲ့မေမေလဲ ထိုင်လိုက်ပြီးတဲ့နောက် မစ္စစ်မာရင်းလာဟာ သူတို့ကို Savarina ကိတ်ကို ချပေးတယ်။

မစ္စစ်မာရန်းလာနဲ့ သူ့ရဲ့မေမေကျမ်းစာဖတ်နေတဲ့အချိန်မှာ ကါတလင်းဟာ စားပွဲပေါ်က ကရင်မ်အပြည့်နဲ့ထိပ်မှာချယ်ရီသီးလေးတင်ထားတဲ့ ကိတ်ချိုချိုလေးကိုနဲနဲစီယူစားလိုက်တယ်။သူတို့လာတွေဖတ်နေတာလဲသူမသိ။ သူ့အတွက်ကတော့တစုံတခုပြောင်းလဲသွားခဲ့တယ်။ မေမေနဲ့မစ္စစ်မာရိန်းလာနဲ့ကျမ်းစာဖတ်နေပြီးစားပွဲပေါ်က ကိတ်မုန့်စားတဲ့အချိန်မစ္စစ်မာရိန်းလာက ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာထိုနေ့ရက်ကိုအောက်မေ့လော့။ ခြောက်ရက်ပတ်လုံးအလုပ်မျိုးကိုကြိုးစား၍လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည်သင်၏ဘုရားသခင်ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌သင်တို့သည်အလုပ်မလုပ်ရကြ။ (ထွက်မြောက်ရာကျမ်း ၂၀း၈-၁၀)

ကါတလင်းဒါကိုကြားတဲ့အခါအဲဒီစကားဟာသူ့အတွက်ပထမဦးဆုံးသူ့အတွက် အသိဖြစ်စေတယ်။ သူနားလည်တာကတော့ ရက်သတ္တပတ်ရဲ့ ၇ ရက်နေ့

စနေနေ့ဟာအရေးကြီးတဲ့နေ့ဆိုတာသူနားလည်ခဲ့တယ်။အဲဒီနောက်ပိုင်းမှာတော့ ဥပုသ်နေ့ရောက်တိုင်း ကျောင်းအိမ်စာတွေကိုမလုပ်တော့ဘူး။ ဥပုသ်နေ့မှာမျှော်လင့်ခြင်းအသင်းတော်ရဲ့ဘုရားကျောင်းကိုသွားပြီးဘုရားရှိခိုးတယ်။ ဥပုသ်နေ့ကို စောင့်ခဲ့တယ်။အဲ့နောက်ပိုင်းမှာတော့ကါတလင်းဟာမစ္စစ်မာရိန်းလာအိမ်ကိုသွားတဲ့အခါကိတ်မုန့်စားဖို့သက်သက်မဟုတ်တော့ပဲအမေနဲ့မစ္စစ်မာရိန်းလာတို့နဲ့အတူတူကျမ်းစာလေ့လာခဲ့တယ်။ သူတို့ဆွေးနွေးတာတွေနဲ့ပတ်သက်ပြီးမေးခွန်းတွေပါမေးခဲ့တယ်။ အိမ်မှာ ကာတလင်းဟာ သူ့ကိုယ်ပိုင်ကျမ်းစာကို စတင်ဖတ်ခဲ့တယ်။ ကျမ်းစာထဲမှာသူအနှစ်သက်ဆုံးကျမ်းချက်ကတော့ ဒံယေလအနာဂတ္တိကျမ်း ၁၂ ခုမှာပညာရှိသောသူတို့သည်လည်းကောင်းကင်မျက်နှာကြက်အရောင်အဂါကဲ့သို့ ၄င်း၊လူအများတို့ကိုဖြောင့်မတ်ခြင်းတရားလမ်းထဲသို့သွင်းသောသူတို့သည်ကြယ်များကဲ့သို့၄င်းအစဉ်အမြဲထွန်းလင်းပါလိမ့်မယ်ဆိုတဲ့ကျမ်းချက်လေးဖြစ်တယ်။

ဒီကျမ်းချက်ရဲ့ အဓိပ္ပါယ်ကတော့ ဘုရားသခင်ဆီ လူအများကြီးကိုပို့ဆောင်တဲ့လူတွေဟာကြယ်ကဲ့သို့အစဉ်အမြဲထွန်းလင်းမယ်ဆိုတာဖြစ်တယ်။ ကါတလင်းဟာ သူ့သူငယ်ချင်းတွေကို ဘုရားသခင်ဆီပို့ပေးချင်ခဲ့တယ်။ ကါတလင်းဟာ ကျမ်းစာဖတ်ပြီး သူ့ရဲ့သူငယ်ချင်းတွေကိုသူလေ့လာတဲ့ ဘုရားသခင်ရဲ့အကြောင်းတွေပြောပြတယ်။ ဥပုသ်နေ့ရောက်တဲ့နေ့တနေ့မှာ သူ့သူငယ်ချင်းကိုဘုရားကျောင်းသူနဲ့အတူလိုက်တက်ဖို့ခေါ်တယ်။ကါတလင်းအရမ်းပျော်တယ်။

ဘုရားကျောင်းကို သူ့ရဲ့သူငယ်ချင်းဒီထက်အများကြီးကို ခေါ်လာချင်တယ်။ သူဆုတောင်းခဲ့တယ်။ နောက်တော့သူ့ရဲ့သူငယ်ချင်း (Vlad)ဗလပ်ကို ဖိတ်ပြီးအတူတကွကျမ်းစာဖတ်ကြရင်ကောင်းမယ်ဆိုတာပဲ။ ကါတလင်းဟာ သူ့ရဲ့ သူငယ်ချင်းဗလပ်ကို ကျမ်းစာဖတ်ဖို့ ဖိတ်ခေါ်ဖို့တော့ကြောက်သလိုဘဲ ကါတလင်ထပ်ပြီးဆုတောင်းတယ်။ ပြီးတော့ဖုန်းကိုကိုင်လိုက်ပြီး ဗလပ် နင်သတိရသေးလား။ နင်ကျမ်းစာအုပ်လိုချင်လို့ငါနင့်ကိုပေးတာလေ။ နင်ငါနဲ့အတူတူ

ဂ်အမှောင်ဘက်ခြမ်းမှာအာကာသယာယာဥပေါ်မှာသူဖြစ်နေတဲ့လူသားနဲ့ဘုရားပဲရှိတယ်လို့ဆိုလိုခြင်းဖြစ်တယ်။နောက်ထပ်နှစ်နှစ်ခွဲလောက်စီလင်းဟာဘုရားကိုချစ်တဲ့အကြောင်းပြသခဲ့တယ်။တစ်နေ့တော့ဆရာမဟာအတန်းထဲမှာပြောနေကျစ ကားကိုပြောခဲ့ပါတယ်။ ဆရာမကသဘာဝသိပ္ပံရဲ့ဖန်ခွက်ကို သင်ပထမအကြိမ်မော့သောက်ရင်သင့်ကိုဘုရားမဲ့တစ်ယောက်ဖြစ်စေလိမ့်မယ်။ သို့သော်ဖန်ခွက်ရဲ့အောက်ခြေမှာတော့ဘုရားသခင်ဟာသင့်ကိုစောင့်နေတယ်။ စီလင်းဟာ ဆရာမဘာပြောချင်သလဲဆိုတာတော်တော်ကိုနားမလည်ဘူး။သို့သော်သူနားလည်သွားတာကဆရာမဟာဘုရားနဲ့ပတ်သက်ရင်သူ့ရဲ့စိတ်ကိုပြောင်းလဲလိုက်ပြီဆိုတာဖြစ်တယ်။ ဆရာမဘုရားကိုယုံကြည်ပြီး စီလင်းဆရာမကိုကျမ်းစာအုပ်တစ်အုပ်လက်ဆောင်ပေးလိုက်တယ်။

စီလင်းဟာဆရာမဘုရားကိုလေ့လာပြီးချစ်ဖို့ဆုတောင်းခဲ့တယ်။ သူငယ်ချင်းတွေလဲဘုရားကိုသိပြီးချစ်လာဖို့သူဆုတောင်းတယ်။ သူသိတယ်။ သူဟာအမှန်တကယ်တစ်ယောက်ထဲမဟုတ်ဘူး။အာကာသယာဥ်မှူးဟာ လရဲ့တဖက်ခြမ်းမှာတစ်ယောက်ထဲရှိတယ်လို့မြင်တွေ့ရသော်လည်းဘုရားသခင်သူနဲ့ရှိတယ်။ သူလည်းကျောင်းမှာ သူတစ်ယောက်ထဲရှိတယ်လို့ခံစားရသော်လည်းသူဟာ ဘုရားနဲ့ရှိနေတယ်။ ဒီ ၁၃ ပတ်အလှူငွေဟာ အီတလီကိုဘုရားရဲ့အမှုတော်အတွက်ကူညီပံ့ပိုးမှုဖြစ်ပါတယ်။ ရက်ရောစွာထည့်ဝင်တဲ့အတွက်ကျေးဇူးတင်ပါတယ်။

ဆရာမကပြောတယ်။ ကမ္ဘာကိုဘုရားကမဖန်ဆင်းဘူး။ ကမ္ဘာမြေကြီးနဲ့ အရာခပ်သိမ်းဟာ သူ့ဟာသူဖြစ်လာတာလို့ပြောတယ်။ အဲဒါကိုစီလင်းမယုံဘူး။ သူကျမ်းစာကိုဖတ်ပြီးတွေ့ခဲ့ရတာကဘုရားဟာကမ္ဘာကိုဖန်ဆင်းခဲ့တယ်။ အထဲမှာ ရှိတဲ့အရာများကိုလည်းဖန်ဆင်းခဲ့တယ်။ စီလင်းဟာသူ့ရဲ့ဆရာမဘုရားကိုယုံစေ ချင်တယ်။

တစ်နေ့တော့ဆရာမကစီလင်းကိုလကမ္ဘာကိုပထမဦးဆုံးသွားတဲ့အာကာ သယဉ်မှူးအကြောင်းရှာဖွေတင်ပြခိုင်းတယ်။ စီလင်းစာအုပ်အများကြီးရှာဖွေဖတ် ရှုခဲ့ရတယ်။ ၁၉၆၉ ခုနှစ်မှာလကမ္ဘာကိုသွားတဲ့အမေရိကန်အာကာသယဉ်မှူး ၃ ယောက်အကြောင်းကိုစီလင်းအရမ်းစိတ်ဝင်စားတယ်။ ယာဉ်မှူး ၂ ယောက်ဟာ လကမ္ဘာကိုဆင်းပြီး ၁ယောက်ဟာအာကာသယာဉ်အပေါ်ကျန်နေခဲ့ပြီးလကိုလမ်း အတိုင်းပတ်နေခဲ့တယ်။စီလင်းဟာယဉ်ထဲမှာကျန်ခဲ့တဲ့အာကာသယာဉ်မှူးကိုပိုပြီး စိတ်ဝင်စားခဲ့တယ်။ သူ့ရဲ့နာမည်က မိုက်ကယ်ခိုးလင်း ဖြစ်တယ်။ စီလင်းရဲ့အစီ ရင်ခံစာမှာခိုးလင်းဟာသူ့ရဲ့ယာဉ်ထဲမှာတစ်ယောက်ထဲရှိနေခဲ့တယ်။အထူးသဖြင့် အာကာသယဉ်ဟာ လရဲ့အမှောင်ခြမ်းကိုရောက်တဲ့အခါတစ်ယောက်ထဲရှိနေခဲ့ တယ်။ ကမ္ဘာကိုလည်းမမြင်နိုင်ဘူး။ အမှောင်ကိုပဲမြင်ရတယ်။ လူနဲ့အသက်ရှင်တဲ့ အရာတစ်ခုမှမမြင်ရဘူးလို့ရေးသားခဲ့တယ်။စီလင်းဟာသူ့ရဲ့စာတမ်းမှာမိုက်ကယ် ခိုးလင်းရဲ့စာပိုဒ်လေးကိုတင်ပြခဲ့တယ်။ မိုက်ကယ်ခိုးလင်းဘယ်လိုပြောသလဲဆို တော့ ခုချိန်မှာတစ်ယောက်ထဲပဲ၊ တကယ်တစ်ယောက်ထဲပဲ၊ အသက်ရှင်တဲ့အရာ ဟူသမျှကနေငါကဝေးကွာခဲ့တယ်။ ငါဟာအရာတစ်ခုဖြစ်တယ်။ ရေတွက်မယ်ဆို ရင်အရေအတွက်ဟာ သုံးဘီလီယံအပေါင်းနှစ်၊လကမ္ဘာရဲ့အပြင်မှာဖြစ်နေတယ်။ ဒီဖက်မှာတော့ တစ်အပေါင်းဘုရားပဲသိရတယ်။

စီလင်းရဲ့အစီရင်ခံစာမှာ မိုက်ကယ်ခိုးလင်းဟာလူကိုရေတွက်နေခြင်းဖြစ် တယ်။ သူပြောချင်တာကကမ္ဘာပေါ်မှာလူသုံးဘီလီယံနေထိုင်ကြတယ်။ ပြီးတော့ လပေါ်မှာသူမမြင်ရတဲ့အာကာသယာဉ်မှူးနှစ်ယောက်ကကျန်တဲ့လရဲ့တစ်ဖ

ကျမ်းစာမလေ့လာချင်ဘူးလားလို့မေးလိုက်တယ်။ ဗလပ်သဘောတူတယ်။ သူ့ရဲ့ သူငယ်ချင်း အင်ဒရိုင်ကိုလည်းအတူကျမ်း စာလေ့လာဖို့ဖိတ်လိုက်တယ်။

ယနေ့မှာတော့ ကါတလင်းဟာ သူ့သူငယ်ချင်းဗာလပ်နဲ့အင်ဒရိုင်တို့နဲ့ အတူဥပုသ်နေ့တိုင်း ဘုရားကျောင်းကိုသွားကြတယ်။ ကါတလင်းအရမ်းပျော် တယ်။ ဥပုသ်နေ့မှာဘုရားကျောင်းကို လူတွေအများကြီးသွားစေချင်တယ်။ လူအ များကြီးကို ခရစ်တော်နဲ့မိတ်ဆက်ပေးချင်တယ်။

ဒီတကွာတာ ၁၃ ပတ်အလှူငွေတွေဟာ ရိုမေးနီးယားနိုင်ငံရှိ ကါတလင် လိုကျမ်းစာဖတ်ပြီးခရစ်တော်အကြောင်းလေ့လာတဲ့ကလေးတွေအတွက်ကျောင်း ဆောက်ဖို့ကူညီသွားမှာဖြစ်ပါတယ်။ သင်ထည့်ဝင်တဲ့အလှူငွေအတွက် အထူး ကျေးဇူးတင်ပါတယ်။

ဇူလိုင် ၁၅ ရက် ဒင်နီဇာ၊ ရိုမေးနီးယား

၂ နှစ်အရွယ် ဒင်နီဇာဟာ ကလေးတန်းအစီအစဉ်ကိုသွားတာနှစ်သက်ပါတယ်။ သူ့ရဲ့အကောင်းဆုံးသူငယ်ချင်း တင်မီယာနဲ့ကစားရတာပျော်တယ်။ တင်မီယာက အခြားသော မိတ်ဆွေမိန်းကလေးယောကျ်ားလေးများနဲ့ကစားရင် ဒင်နိနဇာဟာဝမ်းနည်းပါတယ်။ အဲဒီအခါ ထောင့်လေးတနေရာသို့သွားပြီးကျယ်လောင်စွာငိုတတ်ပါသည်။ "ဂါးအားအား...."

ထိုသို့နေ့စဉ်ဖြစ်နေခဲ့ပါတယ်။ ဒင်နီဇာ နှင့် သူ့ရဲ့သူငယ်ချင်း တင်မီယာဟာ ရိုမေးနီးယားရှိ ကလေးတန်းဥပုသ်ကျောင်းသို့ရှေးဦးစွာရောက်တတ်သည်။ တင်မီယာမိခင်သည် ကလေးတန်းကျောင်းခွဲ၏ဆရာမဖြစ်သည်။ တင်မီယာကို သူမ၏ အိမ်မှနံနက်တိုင်းဆရာမကခေါ်ခဲ့ပါသည်။ သူတို့ ၃ ယောက်ကလေးတန်းသို့အတူကားမောင်းသွားခဲ့ပါသည်။ တနေ့တော့ ဒင်နီဇာနှင့်တင်မီယာတို့ကလေးတန်းကိုအခြားခလေးများအရင်ရောက်ခဲ့ပါတယ်။သူတို့ကလေးမလေး ၂ယောက်ပျော်စရာတူတူပုန်း တမ်းကစားကြပါသည်။ သူတို့ပြာစိမ်းသော စားပွဲအောက်တွင်ပုန်းကြပါတယ်။ ထိုင်ခုံအနောက်မှာလည်းပုံကြပါတယ်။ ထို့ပြင်ပုံဖော်သော ရွံ့နှင့် အရုပ်လေးတွေ ကိုလည်း ရောင်ခြယ်ကြပါတယ်။

ခဏကြာသောခါ အခြားကလေးများရောက်လာကြပါသည်။ တင်မီယာ သူတို့တွေနဲ့ ကစားပါတယ်။ ဒင်နီဇာမကြိုက်ပါဘူး။ သူ့ကိုပဲဦးစားပေးစေချင်ပါတယ်။ ထိုအခါသူဟာ အခန်းဒေါင့်ကိုသွားပြီးကြမ်းပြင်မှာထိုင်ပြီးငိုပါတော့တယ်။ ဂါးအားအား....ဆရာမသည် သူမဆီကိုသွားပြီး သူမကိုဖက်ယမ်းလိုက်တာနဲ့ ငိုစရာအကြောင်းမရှိဘူးလို့ ဆရာမကသူ့ကိုပြောလိုက်ပါတယ်။ အတူတူကစားတာက တင်မီယာနဲ့တစ်ယောက်ထဲကစားတာထက်ပိုကောင်းတယ်လို့သူ့ကို ပြောလိုက်ပါတယ်။ ဒင်နီဇာအငိုရပ်လိုက်ပါတယ်။ ဆရာမကသူ့ကိုဂရုစိုက်ပေး

ဇွန်လ ၁၇ စီလင်း၊ အီတလီ

စီလင်းက သူ့ကိုယ်သူအီတာလျံစကားနားလည်တယ်လို့ထင်ခဲ့တယ်။ တကယ်တော့ရောမမြို့မှာနေပြီးတစ်သက်လုံးအီတလီစကားပြောခဲ့တယ်။ သို့သော် သူသတိထားမိတယ်။ အစိုးရကျောင်းမှာနေတဲ့ယောကျ်ားလေးတချို့သုံးတဲ့အီတလီစကားတွေသူ့ကိုနားလည်ခဲ့ဘူး။ ဒီယောကျ်ားလေးတွေ အဲဒီစကားကို ဆရာမကြားတဲ့နေရာနဲ့ အတန်းနားချိန်မှာ သူတို့ပြောဆိုကြတယ်။ တချို့သောမိန်းကလေးတွေလည်း အဲဒီစကားလုံးကိုသုံးကြတယ်။ အိမ်ရောက်လတဲ့အခါစီလင်းက သူ့အမေကိုမေးတယ်။အဲဒီကလေးတွေဘာပြောနေကြတာလဲ။အဲဒီလိုဘာကြောင့်ပြောနေရတာလဲ။ဘာအဓိပ္ပါယ်လဲဆိုပြီးသူ့အမေကိုမေးခဲ့တယ်။ မေမေကိုကြည့်ရတာဝမ်းနည်းနေတယ်။ မေမေက ဒီကလေးတွေကကြိမ်ဆဲနေတာ။ အဲဒီကလေးတွေက မကောင်းတဲ့စကားတွေသုံးပြီးဘုရားကိုတိုင်တွယ်ကြတယ်။ ဘုရားရဲ့နာမည်ကိုပြစ်မှားပြောဆိုကြတယ်။ သူတို့ဟာ အဲဒီစကားတွေကို သူတို့မိဘကနေ(သို့) လူကြီးတွေဆီကနေကြားခဲ့လို့ဖြစ်လိမ့်မယ်။ သူတို့ဘုရားသခင်ကိုကြိမ်ဆဲမှန်းသိချင်မှသိလိမ့်မယ်လို့မေမေကပြောပြတယ်။

စီလင်းစိတ်ပျက်ပြီးစိတ်ဆိုးသလိုခံစားရတယ်။ သူမဟာ ဘုရားကိုချစ်တယ်။ ပြီးတော့ဘုရားကိုကြိမ်ဆဲတာနဲ့နဲမှမကြိုက်ဘူး။ ကျောင်းမှာအဲဒီစကားကိုသုံးတဲ့ကလေးတွေကိုသူရှောင်ပြီးနေတယ်။ မကြာခင်မှာပဲကလေးတွေ စီလင်းက သူ့တို့ဘုရားကိုကြိမ်ဆဲတဲ့စကားကိုမကြားချင်ဘူးဆိုတာသိလာတယ်။သူတို့စီလင်ကိုရီစရာလုပ်ကြတယ်။ ကလေးတွေဘုရားကိုမချစ်တာစီလင်းဝမ်းနည်းတယ်။ စီလင်းပိုဝမ်းနည်းတာက သူ့ရဲ့ဆရာတစ်ယောက်ဟာ ဘုရားကိုမချစ်ဘူး။ ဆရာမကသချင်္ဂနွေသိပ္ပံကိုသင်တယ်။ သို့သော်သူဟာဘုရားကိုမချစ်ဘူး။ သူမဟာ ဘုရားကိုမယုံသောသူဖြစ်တယ်။ ဘုရားမဲ့ဝါဒီဖြစ်တယ်။

၃ လပတ်အလျှုဌေက အီတလီရဲ့အမှုတော်လုပ်ငန်းကိုကူညီမှာဖြစ်ပါတယ်။ ရက်ရောစွာလှူဒါန်းတဲ့အတွက်ကျေးဇူးတင်ပါတယ်။

တာသူကြိုက်တယ်။ ဆရာမစကားကိုသူနားထောင်ခဲ့တယ်။ ဆရာမက အတူဆုတောင်းရအောင်ပြောခဲ့တယ်။ ဒင်နီယာဟာ ဒူးထောက်ဆုတောင်းရမှာသိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကလေးအားလုံးမနက်တိုင်းဒူးထောက်ဆုတောင်းခဲ့ကြပါတယ်။ ဒင်နီဇာချက်ချင်းဒူးထောက်လိုက်တယ်။ ဆရာမလည်း ဒူးထောက်ပြီးအရင်ဆုတောင်းလိုက်တယ်။

ဆရာမက "အဖဘုရားသခင် ဒင်နီဇာစိတ်ပြေသွားစေပါ။ တင်မီယာတစ်ယောက်ထဲနဲ့ကစားတာထက် အခြားသူငယ်ချင်းတွေနဲ့ ကစားတာပိုကောင်းကြောင်းသူ့ကိုသိစေပါ" လို့ဆုတောင်းလိုက်ပါတယ်။ ပြီးနောက် ဒင်နီဇာ ဆုတောင်းခဲ့ပါတယ်။ သခင် နောက်ဘယ်တော့မှ စိတ်မဆိုးဖို့ရန် မစတော်မူပါ။ နောက်မင်ဖို့လည်းမစတော်မူပါ လို့ဆုတောင်းပါတယ်။

အဲဒီနောက်ဆရာမကဒင်နီဇာကိုကလေးတွေအတွက်အစီအစဉ်လုပ်ရန်အကူအညီတောင်းခဲ့ပါတယ်။ ငါနဲ့အတူလာပြီးကစားကြပါလို့ပြောခဲ့ပါတယ်။ သူတို့ ပဟေဠိအရုပ်တွေဖြစ်တဲ့ ငှက်၊ ဖား၊ လိပ်ပြာ၊ ရွှေငါးလေးတွေနဲ့ ကစားကြပါတယ်။ ဒင်နီဇာက အရောင်စုံငှက်ကလေးတွေနဲ့ ကစားရတာပျော်ပါတယ်။ ပထမနှစ်ကလေးတန်းမှာဆရာမကဒင်နီဇာနဲ့အတော်များများဆုတောင်း ဖြစ်ခဲ့ကြပါတယ်။ ဒင်နီဇာလည်း ကလေးတန်းပထမနှစ်မှာ ဆရာမနဲ့အတူတကွ ခဏခဏ ဆုတောင်းခဲ့ကြပါတယ်။

ဒုတိယနှစ်မှာ ပိုပြီးလွယ်ကူသွားပါတယ်။ နောက်ပိုင်းမျာ ဒင်နီဇာဟာ တင်မီယာနဲ့အတူ ဆရာမနဲ့တကွ ကလေးတန်းကျမ်းစာသင်တန်းကို ဥပုသ်နေ့မှာ တက်ရောက်ခဲ့ကြပါတယ်။ ကလေးတန်းဥပုသ်သင်ခန်းစာကို ဥပုသ်နေ့မှာသင်တယ်။ ဒင်နီဇာဆုတောင်းဖို့ နှစ်သက်တယ်။ ယေရှုအကြောင်းသင်ကြားရတာလည်းကြိုက်တယ်။ ယနေ့ဒင်နီဇာ ၁၀ နှစ်ရှိပြီး အလွန်မှပဲဆုတောင်းပါတယ်။ ဥပုသ်စားဖြေတန်းမှာ ဘယ်သူဆုတောင်းမလဲလို့မေးတိုင်း ဒင်နီဇာက အရင်ဦးဆုံး

လက်လေးထောင်ပါတယ်။ ဒင်နီဇာနဲ့တင်မီယာကယခုထိမိတ်ဆွေကောင်းဖြစ်ဆဲ ဖြစ်ပါတယ်။ သူတို့အတူတကွနေ့တိုင်းလိုလိုကစားကြပါတယ်။

တချို့သော သင်၏ ၁၃ ပတ်အလျှင်ငွေဟာ ရိုမေးနီးယားမှာရှိတဲ့ ဖွင့်မယ့် ကျောင်းနဲ့ ကျောင်းပြီးစာပြပေးတဲ့ကျောင်းတွေကို ဆောက်လုပ်မှာဖြစ်ပါတယ်။ ဒင်နီဇာက တက်ခဲ့ရတဲ့ ကလေးတန်းမူကြိုကျောင်းမျိုးတက်ရအောင်ဖြစ်ပါတယ်။ ရက်ရောစွာပေးကမ်းလျှုဒါန်းတဲ့အတွက် ကျေးဇူးတင်ပါတယ်။

မြို့ထဲကမြော်လင့်ခြင်းအသင်းအုပ်ဆရာကဒီတစ်ခါတုံးကျတာ အန်တီကလီလျာ၊ မေမေနဲ့ ကလေးတို့နေတဲ့အဆောက်အဦးပေါ်ကို ရေဒီယိုကနေကြားရပါတယ်။ ဆရာဟာ စိတ်ပူတဲ့အတွက်ဆုတောင်းပေးခဲ့ပါတယ်။ လုံခြုံခြင်းရှိဖို့ ဘုံးကျနေတဲ့အချိန်မှာပဲ အိမ်နီးချင်းတွေလုံခြုံမှုရှိမရှိသိဖို့ရန်သူပြေးလာခဲ့ပါတယ်။ သူ မရောက်ခင်ဘုံးကြိုတာပြီးသွားတဲ့အတွက် လူတွေဘုံးခိုကျင်းကနေထွက်လာကြပါတယ်။ အန်တီကလီလျာမေမေနဲ့ကလေး ၄ ယောက်ထွက်လာချိန်မှာပဲ အသင်းအုပ်ဆရာနဲ့ တွေ့ကြပါတယ်။ မီးလောင်နေပါတယ်။ မေမေဟာမီးခိုးတွေကြားကနေဆရာရဲ့အရိပ်ကိုတွေ့ရပါတယ်။ မေမေဟာသူ့ရဲ့မျက်စိကိုသူမယုံခဲ့ပါဘူး။ ဆရာဟာသူနဲ့သူ့မိသားစုလုံခြုံမှုရှိမရှိသိဖို့ရန် သူ့အသက်ကို ဂရုမစိုက်ခဲ့တာတွေ့ရတယ်။ အဲဒီအချိန်မှာပဲမေမေဟာသူနှလုံးသားကိုဘုရားထံအပ်နှံဖို့ဆုံးဖြတ်လိုက်ပါတယ်။ ဓမ္မဆရာဟာ ဘုရားရဲ့မေတ္တာနဲ့ပြည့်တယ်ဆိုတာမေမေတွေ့ခဲ့ရတယ်။ အန်တီကလီလျာလည်း ဘုရားရဲ့မေတ္တာနဲ့ပြည့်ဝနေတယ်ဆိုတာသူတွေ့ရပါတယ်။ ဘုရားကိုချစ်ဖို့သူ့စိတ်ထဲရှိနေပါတယ်။

မေမေကလေးတွေနဲ့ အန်တီကလီလျာအိမ်ရောက်တဲ့အခါ အိမ်ပြိုပျက်နေတာတွေ့ရတယ်။ သူတို့ရဲ့မြေအောက်ခန်းပေါ်က မြင့်မားတဲ့အဆောက်အဦးလဲ အမှိုက်ပုံဖြစ်နေပါတယ်။ လူနေအိမ်တစ်လုံးမှမကျန်တော့ပါ။ သို့သော်သူတို့ရဲ့ မြေအောက်ခန်းက ဘာမှမဖြစ်ခဲ့ပါဘူး။ ကုတင်၊ စားပွဲ တစ်လုံးမှ ကျိုးပဲ့ခြင်းမရှိခဲ့ဘူး။ ဗုံးနဲ့ပတ်သက်လို့သံချပ်လေးတစ်ချပ်ပဲ ကလေးတွေအနီးနားမှာတွေ့ရပါတယ်။ နောက်နစ်အနည်းငယ် ၁၉၅၀ မှာနောက်ထပ်ယောကျ်ားလေးထပ်မွေးလာပါတယ်။ သူ့နာမည်ကတော့ ရီနားတို ဖြစ်ပါတယ်။ သူ့အနေနဲ့သတ္တမနေ့ မြော်လင့်ခြင်းအိမ်ထောင်မှာမွေးဖွားလာရတာကိုဂမ်းသာမိပါတယ်။ သတ္တမနေ့ ဘုရားကျောင်းကို မေမေရဲ့ပေါင်ပေါ်မှာထိုင်ပြီးဂင်ရောက်ခဲ့ပါတယ်။ ခုလဲအသင်းတော်မှာရှိနေဆဲပါ။ ရီနားတို က ကျနော်မမွေးခင်ကတည်းက ပုံပြင်ကရှိထားပြီးသားဖြစ်ပါတယ်။

အရင်ကအန်တီကလီလျာ ဟာကျမ်းစာနှစ်တော်များများမဖတ်ခဲ့ပါဘူး။ သူဟာသူအလုပ်ဌာနဖြစ်တဲ့စာတိုက်မှာအလုပ်လုပ်တုန်းက ငွေခိုးခဲ့လို့အချုပ်ခန်းထဲပို့ခံခဲ့ရပါတယ်။ ငွေခိုးရတာကသူ့ခင်ပွန်းအကြွေးပြန်ဆပ်နိုင်ဖို့အတွက် ခိုးပြီး သူ့ယောကျ်ားကိုပေးပါတယ်။ သို့သော် ငွေခိုးတာမှာပါတယ်။ ဒါကြောင့်ထောင်ထဲသွားရပါတယ်။ ထောင်ထဲမှာနေတဲ့ခါ ဘုရားသခင်အကြောင်းကို သူစဉ်းစားခဲ့ပါတယ်။ သတ္တမနေ့မြော်လင့်ခြင်းတရားဟောဆရာက ထောင်ထဲလာပြီး သူ့ကို ကျမ်းစာထဲမှဘုရားသခင်ရဲ့အကြောင်းကိုသင်ပေးပါတယ်။ အဲဒီနေ့ကစပြီး ကျမ်းစာကိုသူနေ့တိုင်းဖတ်ပါတော့တယ်။ နောက်တော့ သူ့ရဲ့စိတ်နှလုံးကိုဘုရားပေးပါတယ်။

ထောင်ကနေလွတ်လာတဲ့အခါနေဖို့နေရာလိုပါတယ်။ ကံမကောင်းစွာပဲ သူ့ရဲ့ယောကျ်ားဟာ သူထောင်ကျနေချိန်မှာသေသွားခဲ့ပါတယ်။ ဒါကြောင့်ဘယ်မှာမှ နေစရာမရှိတော့ပါဘူး။ အသင်းအုပ်ဆရာဟာ မေမေ့အိမ်ငှားချင်တာသိတယ်။ ဒါကြောင့်အန်တီကလီလျာနဲ့မိတ်ဆက်ပေးလိုက်ပါတယ်။ ဒါကြောင့်အန်တီကလီလျာရောက်လာရခြင်းဖြစ်ပါတယ်။

အန်တီကလီလျာအိမ်ခန်းမှာငှားနေတဲ့အချိန်မှာစစ်ပွဲဟာရောမကိုရောက်လာပါတယ်။ ဗုံးချတဲ့လေယာဉ်တွေရောက်လာတဲ့အခါ လူတွေဗုံးခိုကျင်းထဲဝင်နေလိုက်ဖို့ရန်အချက်ပေးတဲ့ခေါင်းလောင်းသံတွေက သတိပေးနေပါတယ်။ သတိပေးသံကြားရတဲ့အခါတိုင်းမေမေရယ်၊ အန်တီကလီလျာရယ် ကလေးတွေဗုံးခိုကျင်းကိုလုံခြုံမှုအတွက်ပြေးခိုရပါတယ်။ ဇူလိုင် ၁၉၊ ၁၉၄၃ မှာအချက်ပေးသံကြားတဲ့အတွက် အန်တီကလီလျာ၊ မေမေနဲ့ ကလေးတွေ ဗုံးခိုကျင်းထဲပြေးဝင်ကြပါတယ်။ ဗုံးခိုကျင်းရှိလူတွေနဲ့အတူတကွ ဗုံးကျလာမယ့်အသံကို နားထောင်နေကြပါတယ်။ တစ်ခါကြားရတဲ့ပေါက်ကွဲသံဟာခါတိုင်းနဲ့မတူပိုပြင်းထန်ပါတယ်။ ဒီတစ်ခါဗုံးကျတာ သူတို့ခေါင်းပေါ်ရှိတဲ့တိုက်နဲ့လမ်းပေါ်မှာဖြစ်ပါတယ်။

ဘုရားကျောင်းမဟုတ်ပါ

မြော်လင့်ခြင်းသတ္တမနေ့အသင်းတော်ကိုသွားဖူးပါသလား။ သွားခဲ့တယ်ဆိုရင် "ဘာကြောင့်လည်း။" ၉ နှစ်သားအရွယ် ကားလော့ကို မေမေနဲ့ဖေဖေက သတ္တမနေ့အသင်းတော်ကျောင်းကို အကြောင်းတစ်ခုကြောင့်ပို့ခဲ့ပါတယ်။ အိမ်နဲ့နီးတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ဖေဖေနဲ့မေမေမဟာမြော်လင့်ခြင်းအသင်းသားတွေမဟုတ်ပါဘူး။ သတ္တမနေ့အသင်းတော်ကျောင်းကိုလည်း ဂရုမစိုက်ပါဘူး။ သူတို့အိမ်နဲ့နီးတဲ့အတွက် ကားလော့ကို အဲဒီလစ်ဘွန်းပေါ်တူဂီသတ္တမနေ့အသင်းတော်ကျောင်းကိုပို့ချင်တာပဲဖြစ်ပါတယ်။

ကျောင်းများကားလော့ကြားရတဲ့အရာတွေဟာအရင်သူတခါမှမကြားခဲ့ဖူးပါဘူး။ သူကြားတာကမြော်လင့်ခြင်းအသင်းသားသည် စနေနေ့မှာဘုရားကျောင်းသွားပြီး တနင်္ဂနွေနေ့မှာမသွားဘူး။ မြော်လင့်ခြင်းအသင်းတော်ကကလေးတွေကို နှစ်ခြင်းမပေးဘူး စသဖြင့်ဖြစ်ပါတယ်။

ခရစ်စ္စမတ်အချိန်ရောက်တဲ့အခါသူတခါမှမမြင်ခဲ့ဖူးတဲ့အရာကိုမြင်ခဲ့ပါတယ်။ ဘုရားကျောင်းကို မြင်ရတာဘုရားကျောင်းနဲ့မတူပါ။ သူသတ္တမနေ့အသင်းတော်ဘုရားကျောင်းကို စပယ်ရှယ်အစီအစဉ်တခုတွက် ကျောင်းကပို့လို့သွားခဲ့ပါတယ်။ သို့သော်ဘုရားကျောင်းကို ဝင်တဲ့ခါမြင်ရတဲ့အရာအတွက်အံ့ဩမိတယ်။ အံ့ဩမိစွာနဲ့စဉ်းစားမိတယ်။ ဒါဟာဘုရားကျောင်းမဟုတ်ဘူး။ သန့်ရှင်းသူတွေမရှိဘူးလို့စဉ်းစားမိပါတယ်။ ကားလော့ရဲ့ဘုရားကျောင်းမှာသန့်ရှင်းသူတွေရဲ့ ရုပ်ထုနဲ့ပန်းချီကားတွေနဲ့ ပြည့်နေပါတယ်။ သို့သော် သတ္တမနေ့အသင်းတော်ဘုရားကျောင်းမှာ သန့်ရှင်းသူတွေရဲ့ပန်းချီကားနဲ့ ရုပ်ထုတခုမှမတွေ့ရပါ။ သူတွေ့ခဲ့တဲ့ဘုရားကျောင်းတွေနဲ့ လုံးဝကွာခြားနေတာကိုတွေ့ရပါတယ်။

ကားလော့ဟာ မကြာခင်ဘုရားကျောင်းနဲ့ပတ်သက်ပြီးအံ့သြရတာတွေ ပျောက်သွားခဲ့ပါတယ်။ ခရစ်စ္စမတ်အစီစဉ်က အင်မတန်ကောင်းပါတယ်။ သူ့ရဲ့အတန်းသားတွေ ခရစ်တော်ကို ချီမွမ်းတဲ့သီချင်းတွေနားထောင်ရတာ သူပျော်တယ်။ သူတို့ရဲ့ကျမ်းစာထဲမှသရုပ်ဆောင်ပြတာလေးတွေကြည့်ရတာလည်းပျော်တယ်။ သူအရမ်းစိတ်မဝင်စားခဲ့ပါဘူး။ သူအိမ်ပြန်ရောက်တဲ့အခါမှာသူ့ရဲ့ဖေဖေနဲ့မေမေကိုမေးခွန်းအများကြီးသူမေးခဲ့ပါတယ်။ ဘာကြောင့် မြော်လင့်ခြင်းအသင်းသားတွေဟာဘုရားကျောင်းကိုတနင်္ဂနွေနေ့မှာမသွားဘဲ စနေနေ့မှာသွားရတာလဲ သူမေးခဲ့ပါတယ်။ ဘာကြောင့်ကျွန်တော်တို့ကျောင်းမှာသန့်ရှင်းသူရုပ်တုတွေရှိပြီး သူတို့ကျောင်းမှာရုပ်တုတွေမရှိရတာလဲ။ ဘာကြောင့်ကျွန်တော်တို့က မွေးကင်းစကလေးတွေကို နှစ်ခြင်းပေးပြီး သူတို့က နှစ်ခြင်းမပေးကြတာလဲ။

မေမေနဲ့ဖေဖေက သူတို့တတ်နိုင်သလောက်ဖြေခဲ့ကြပါတယ်။ သူတို့ဟာကျမ်းစာကိုကောင်းကောင်းနားမလည်တဲ့အတွက်ကားလော့ကျေနပ်အောင်မဖြေနိုင်ခဲ့ကြပါဘူး။ နောက်ခဏအကြာမှာ ကားလော့ဟာ အဲဒီမေးခွန်းတွေကိုပဲ သတ္တမနေ့အသင်းတော်ကျောင်းမှာရှိတဲ့မိတ်ဆွေတွေကိုမေးပါတော့တယ်။

ဘာကြောင့်ငါတို့ကတနင်္ဂနွေနေ့မှာဝတ်ပြုပြီးမင်းတို့ကစနေနေ့မှာဝတ်ပြုရတာလဲ။ ငါတို့မှာရုပ်တုရှိပြီးမင်းတို့မှာရုပ်တုမရှိရတာလဲ။ ပြီးတော့ ငါတို့ကလေးတွေကို ရေနှစ်ခြင်းပေးပြီးမင်းတို့က ကလေးတွေကို နှစ်ခြင်းမပေးတာလဲ ဆိုတဲ့မေးခွန်းတွေကိုမေးခဲ့ပါတယ်။ သူရဲ့သူငယ်ချင်းတွေကကျမ်းစာထဲက တတ်နိုင်သမျှအကောင်းဆုံးဖြေပေးခဲ့ကြပါတယ်။ ကျမ်းချက်တွေနဲ့သူငယ်ချင်းတွေသူ့ရဲ့ အမေးကိုပြန်ဖြေတာတွေ့ရတဲ့အခါ ကားလော့တစ်ယောက်အံ့သြခဲ့ရပါတယ်။ သူတို့နဲ့ကြိုးစားပြီးငြင်းခုန်ခဲ့ပါတယ်။ သမ္မာကျမ်းစာထဲမှာ ဘုရားသခင်ကစနေနေ့ကနေတနင်္ဂနွေကိုပြောင်းလဲပြီးဝတ်ပြုရမည့် ကျမ်းချက်တွေကို သူ့ရှာခဲ့ပါတယ်။ ကျမ်းစာထဲမှာဘုရားကျောင်းမှာရုပ်တုထားဖို့နဲ့ကလေးတွေကိုနှစ်ခြင်းပေးရမယ့်အချက်တွေကိုသူရှာခဲ့ပါတယ်။ သို့သော်ကျမ်းစာထဲမှာ တချက်မှမတွေ့ခဲ့ပါဘူး။

ချစ်ခြင်းနဲ့စစ်ပွဲ

ဇွန်လ ၁၀ ရီနားတို၊ အီတလီ

မေမေဟာသူ့ခလေး ၄ ယောက်ကိုအီတလီရောမတိုင်းပြည်ရှိတိုက်မြင့်ရဲ့အောက်အိမ်ငယ်လေးမှာနေထိုင်ပါတယ်။ ညီအစ်ကိုနှစ်ယောက်နဲ့ ညီမနှစ်ယောက်ဟာ မိခင်ကိုစိတ်လှုပ်ရှားစွာကြည့်နေပါတယ်။ မိခင်ဘာပြောမလဲဆိုတာ သူတို့စောင့်နေကြပါတယ်။

"ငါတို့အိပ်ခန်းကို လူတစ်ယောက်ငှားမယ်" မေမေပြောတယ်။ မကြာခင်သူရောက်တော့မယ်။ မောင်နှမတွေတစ်ယောက်ကိုတစ်ယောက်ကြည့်ကြတယ်။ ဘာကိုဆိုလိုချင်သလဲဆိုတာသူတို့သိကြတယ်။ သူတို့အိမ်ကအိပ်ခန်းနှစ်ခန်းပဲရှိတယ်။ ယောကျာ်းလေးတွေက တစ်ခန်းအိပ်တယ်။ မိန်းကလေးတွေက မေမေနဲ့ တစ်ခန်းအိပ်တယ်။ ယောကျာ်းလေးတွေကငှားရမ်းသူကိုပေးပြီးသူတို့ကအပြင်မှာအိပ်ရမယ်။ သို့သော် ယောကျာ်းလေးတွေက ဂရုမစိုက်ပါဘူး။ သူတို့ဆင်းရဲကြတာကို အဲဒီအချိန်က ၁၉၄၃ မှာအီတလီတွေက ဒုတိယကမ္ဘာစစ်ကြောင့်ကြပ်တည်းနေသောအချိန်ဖြစ်တယ်။ ယခင်က စစ်ပွဲမှာသွားရပြီးမိခင်က အစာဝယ်ဖို့ငွေလိုနေပါတယ်။ အပ်ခန်းငှါးငွေက အထောက်အပံ့ဖြစ်လိမ့်မည်။ မကြာခင်မှာပဲအခန်းငှားသူရောက်လာပြီးအိပ်ခန်းထဲမှာဝင်ရောက်နေရာကယူလိုက်ပါတယ်။မေမေဟာအန်တီကလီလျာနဲ့မိတ်ဆက်ပေးလိုက်ပါတယ်။အန်တီကမေမေနဲ့ကလေးတွေတွေ့ခဲ့ဖူးတဲ့သူများနဲ့မတူပါ။သူကမထင်မှတ်တဲ့အပြုအမူလေးကိုလုပ်ပါတယ်။ ညနေတိုင်းအိပ်ယာမဝင်ခင်သူ့ကျမ်းစာအုပ်ကိုဖွင့်ပြီးဖယောင်းတိုင်အလင်းအောက်မှာဖတ်ပါတယ်။ မေမေဟာ ဘာကြောင့်သူမကျမ်းစာဖတ်သလဲသိချင်ပါတယ်။ အန်တီကလီလျာက ဘုရားသခင်ကိုချစ်လို့ကျမ်းစာဖတ်တာလို့ သူတို့ကို ပြောပါတယ်။

အနီပြောက်ဟာလုံးဂျောက်ကင်းသွားပါတယ်။ ဆွဲဆိပ်ထားတဲ့အရာလေးပဲကျန်တော့တယ်။

ဒီနေ့ ဒေဗောရ ဟာ သူငယ်ငယ်ကခံစားရတဲ့နာကျင်မှုမျိုးကို ခံစားနေရတဲ့သူတွေကို ကူညီလျက်နေပါတယ်။ သူဟာ စိတ်ပညာရှင် ဆရာမဖြစ်ပါတယ်။ သူဟာ သီချင်းလေးဆိုတတ်တယ်။ အသံလည်းကောင်းတယ်။ ဘုရားသခင်ကို သူအမြဲချီးမွမ်းလျက်နေပါတယ်။ သူက ကျမရဲ့လှပတဲ့နှုတ်ခမ်းကနေဘုရားသခင်ရဲ့နာမကိုကောင်းတဲ့အသံနဲ့ချီးမွမ်းနေတယ်လို့သူသက်သေခံပါတယ်။အဆိုကျော်ဘုရားရဲ့ဒါဂိဒ်က "အဖဘုရား ကျွန်ုပ်ရဲ့နှုတ်ကိုဖွင့်တော်မူပါကိုယ်တော်ကို ချီးမွမ်းသီချင်းဆိုပါမည်။" (ဆာလံ ၁၅၁:၁၅) ဒေဗောရ နေ့တိုင်းဘုရားကိုချီးမွမ်းသလိုသင်လည်းချီးမွမ်းနိုင်ပါတယ်။

ကျမ်းစာထဲမှာအဖြေကို သူရှာတဲ့အတွက်သူ့သူငယ်ချင်းကသူ့ကို Path-finder (လမ်းတွေ့သူ) အတန်းကို တက်ရောက်ဖို့ဖိတ်ခေါ်ခဲ့ပါတယ်။ ကားလော့ဟာသူအဲဒီအတန်းမှာပျော်ပါတယ်။ အထူးသဖြင့်တံဆိပ်တွေရတာပျော်ပါတယ်။ တံဆိပ်ကိုရဖို့ရန်ကျမ်းစာကိုဖတ်ရတယ်။ ဒါကြောင့်ကားလော့ဟာပိုပြီးကျမ်းစာပိုကြိုးစားဖတ်ခဲ့ပါတယ်။ တံဆိပ်လိုချင်တဲ့အတွက်ဖြစ်ပါတယ်။

သူကျမ်းစာဖတ်တာနဲ့အမျှ ဘာကြောင့်သတ္တမနေ့အသင်းသားများဘာကြောင့်ဘုရားကျောင်းကို စနေနေ့မှာသွားရသလဲ။ ဘာကြောင့်ဘုရားကျောင်းမှာရုပ်တုတွေမထားရတာလဲ။ ဘာကြောင့်ကလေးတွေကိုရေနှစ်ခြင်းမပေးတာလဲဆိုတာနားလည်လာတယ်။သတ္တမနေ့အသင်းသားများဘုရားကိုအလွန်ချစ်ပြီးဘုရားစကားတွေကိုချစ်တဲ့အတွက် နားထောင်လိုက်လျှောက်ကြတာကိုလဲသူတွေ့ခဲ့ရပါတယ်။ ငှါကိုချစ်လျှင်ငှါပညတ်တို့ကိုစောင့်ရှောက်ပါလို့ ခရစ်တော်ပြောခဲ့ပါတယ်။ (ယောဟန် ၄:၁၅)

ကားလော့လည်းဘုရားကိုအလွန်ချစ်ပါတယ်။ ကျမ်းစာအတိုင်းလိုက်လျှောက်ခြင်းဖြင့်သူ၏မေတ္တာကိုပြချင်ပါတယ်။ သူ ၁၆ နှစ်ရှိတဲ့အခါသူ့ရဲ့နှလုံးသားကို ခရစ်တော်ကို အပ်နှံပြီးနှစ်ခြင်းခံယူခဲ့ပါတယ်။ ဒီနေ့ကားလော့ဟာ အသင်းလူကြီးတစ်ယောက်ဖြစ်ပါတယ်။ သူ့ဇနီးလည်းမြော်လင့်ခြင်းအသင်းသူဖြစ်ပြီးကလေး ၃ ယောက်နဲ့အတူတကွအသင်းတော်မှာ တက်ကြွစွာပါဝင်နေကြပါတယ်။ ကားလော့ဟာ မာစတာဂိုက်တစ်ယောက်အနေနဲ့ Pathfinder(လမ်းတွေ့သူ) အနေနဲ့ပါဝင်လှုပ်ရှားနေပါတယ်။ ကားလော့ကသူ့ရဲ့အိမ်နဲ့နီးတဲ့ သတ္တမနေ့ကျောင်းကို မိဘတွေပို့တဲ့အတွက် အရမ်းပဲဝမ်းမြောက်မိပါတယ်။ ကျောင်းသွားခြင်းဖြင့် သူ့ရဲ့ အသက်တာပြောင်းလဲခဲ့ရပါတယ်။

ဤ ၃ လ ၁၃ ပတ်ရဲ့အလှူငွေဟာ ပေါ်တူဂီမှာရှိတဲ့ စီတာဘူ သတ္တမနေ့မူလတန်းကျောင်းကို ထောက်ပံ့သွားမှာဖြစ်ပါတယ်။ ထိုသို့အားဖြင့် အခြားသော

ကလေးများဘုရားရဲ့တန်ခိုးတော်အားဖြင့်အသက်တာပြောင်းလဲဖို့ရန်ဖြစ်ပါတယ်။ အလျှင်ငွေကို ရက်ရောစွာစီမံတည့်ဝင်တဲ့အတွက်ကျေးဇူးတင်ပါတယ်။

ဒေဗောရ ကိုတော့ရေသောက်ချင်လားလို့တစ်ခါမှ မမေးကြဘူး။ ဒေဗောရ ကတော့ သူ့ကိုရေသောက်မလားလို့မေးတဲ့စကားလေးကြားချင်မိတယ်။

ပထမလမှာ ဒေဗောရ ဟာ နှုတ်ခမ်းကအနီပြောက် ပျောက်သွားဖို့ ဆေးကုသမှုခံယူပါတယ်။ ပထမကုသမှုအနေနဲ့တပတ်တစ်ကြိမ်အနေနဲ့ကုသမှု ခံယူရပါတယ်။ ဆရာဝန်လဲကြီးမားတဲ့စိန်ခေါ်မှုကို လုပ်ပေးခဲ့ပါတယ်။ ခွဲစိတ်မှုကိုခံယူဖို့ ဒေဗောရ ဟာအီတလီကိုဖြတ်ပြီး အဖေးကြီးကိုသွားရပါတယ်။ သူဟာ သူ့ရဲ့မြို့ Sicily တော်စွန်းကနေမြောက်စွန်းဖြစ်တဲ့မီလန်မြို့ကိုသွားရပါတယ်။ အဲဒီခရီးဟာ အလွန်ပင်ပန်းနွမ်းနယ်တဲ့ခရီးဖြစ်တယ်။ ခွဲစိပ်မှုနဲ့ပြန်ပြီးအနာကုသမှုတွေဟာ နာကျင်လှပါတယ်။ ဒေဗောရ ၁၂ နှစ်ရောက်တဲ့အခါ အနီပြောက်သေးငယ်သွားဖို့ လေဆာရောင်ခြည်ခံယူရပါတယ်။ ဒေဗောရ အနေနဲ့ဒီကုသမှုအားလုံးနှုတ်ခမ်းက အနီရောင်ပျောက်သွားဖို့မျှော်လင့်ပါတယ်။ သို့သော်ဖြစ်မလာခဲ့ပါဘူး။

မေမေဘာကြောင့် သမီးဒီလိုဖြစ်ရတာလဲ လို့ ဒေဗောရ က သူ့အမေကို မေးပါတယ်။ သူ့ရဲ့မေမေကို ခဏခဏမေးခဲ့ပါတယ်။ မေမေကသမီးငယ်လေးကို ကြည့်ပြီး ကျမ်းစာထဲကပေါလုရဲ့အကြောင်းကိုပြောပြတယ်။ ပေါလုဟာ သူခံစားရတဲ့ပြဿနာအတွက်သုံးကြိမ်ဆုတောင်းခဲ့တယ်။ သို့သော် ဘုရားသခင်က ပေါလုကို(၂ကော ၁၂:၄)ငါ့ရဲ့ကျေးဇူးသည်သင့်အဖို့လောက်ပေ၏ လို့ပြန်ဖြေခဲ့ပါတယ်။

မေမေက ဒေဗောရ ကို ဘုရားသခင်ရဲ့ကျေးဇူးတော်ဟာ သမီးအတွက် လောက်ပါတယ်။ ဘုရားရဲ့တန်ခိုးကို သမီးရဲ့အသက်တာမှာ မြင်တွေ့ရလိမ့်မယ် လို့ပြောခဲ့တယ်။ ဒေဗောရ ကို မေမေက ဘုရားသမီးကိုချစ်တယ်။ သမီးအတွက် ဘုရားရဲ့စီမံကိန်းရှိတယ်။ မေမေကသမီးကို အားပေးတဲ့စကားလေးပဲ။ ဒေဗောရ သူ့အတွက်ဘုရားအစီအစဉ်ရှိတယ်ဆိုတာလက်ခံတယ်။

ဒေဗောရ အသက် ၁၃ နှစ်မှာအုံ့ဘွယ်ရာဖြစ်လာတယ်။ နှုတ်ခမ်းကအနီပြောက်ဟာ တဖြည်းဖြည်းပျောက်သွားခဲ့တယ်။ လပေါင်းများစွာ ကြာလာတဲ့အခါ

နီသောအပြောက်မရှိတော့ပါ

ဇွန်လ ၃ ဒေဗောရ ၊ အီတလီ

ဒေဗောရ ဟာကျန်းမာစွာ Sicily မြို့အီတလီနိုင်ငံမှာ မွေးဖွားခဲ့ပါတယ်။ သို့သော်လအနည်းငယ်ကြာတဲ့အခါ ဒေဗောရ မှာအရာတစ်ခုဖြစ်လာခဲ့ပါတယ်။ အနီပြောက်ကသူ့ရဲ့နှုတ်ခမ်းမှာပေါ်လာပါတယ်။ အဲဒီအနီပြောက် တနေ့ထက်တနေ့ကြီးလာပါတယ်။ ဆရာဝန်အဲဒီအရာကိုကြည့်ပြီး (အင်ဂီဖိုးမား) လို့နာမည်ပေးပါတယ်။ ဒါပေမယ့် အဲဒီအနီပြောက်နဲ့ပတ်သက်ပြီး ဘာမှဆရာဝန်များ မလုပ်ပေးနိုင်ပါဘူး။

နှစ်အနည်းငယ်ကြာလာတဲ့အခါ အဲဒီအနီပြောက်ကြီးလာတဲ့အတွက် ဒေဗောရ ရဲ့အောက်နှုတ်ခမ်းဟာ ပုံပျက်လာပြီး ပုံမှန်ထက်ကြီးလာပါတယ်။ ဒေါက်တာက ဘာမှမလုပ်ပေးနိုင်ခဲ့ပါဘူး။ ဒေဗောရ ဟာ ကျောင်းမတက်မချင်း အခြားယောကျ်ားလေး မိန်းကလေးတွေနဲ့ ကွာခြားနေတာကို သူမသိခဲ့ဘူး။ ကျောင်းတက်မှပဲ သူ့နှုတ်ခမ်းဟာ သူများနဲ့မတူဘူးဆိုတာ သိရတော့တယ်။

ယောကျ်ားလေးတွေကသူ့ကိုနောက်ပြောင်ပြီးနှစ်သက်စရာမကောင်းတဲ့နာမည်ပြောင်တွေမှည့်ပြီးခေါ်ကြတယ်။ ဒေဗောရအိမ်ပြန်ရောက်တဲ့အခါငိုမိတော့တယ်။ သူများကိုတော့ရန်မတွေ့ပါဘူး။ သူ့မေမေဟာသူ့ကိုအမြဲအားပေးပါတယ်။ မေမေဟာ ကျောင်းအုပ်ကြီးနဲ့ကောကျောင်းသားမိဘတွေနဲ့ကော ဒေဗောရလေးကို သူတို့ကလေးတွေသနားကြင်နာဖို့ပြောပြပါတယ်။

မေမေကကြားဝင်ကူညီတဲ့အတွက်နောက်ပိုင်းမှာအတန်းသူအတန်းသားတွေ ဒေဗောရ ကို မနောက်ပြောင်ကြတော့ဘူး။ သူ့ရဲ့နာမည်ကို ပြန်ခေါ်ပေးကြတယ်။ မိန်းကလေးတွေက မကြင်နာတဲ့စကားတော့ ဒေဗောရ ကိုမပြောပေမယ့် လည်းခွဲခြားပြီးတော့ဆက်ဆံကြပါသေးတယ်။ မိန်းကလေးတိုင်းဟာသူတို့ရေဘူးလေးတွေကိုယ်စီရှိကြပါတယ်။ တစ်ယောက်ကိုတစ်ယောက်ရေတိုက်ကြပါတယ်။

သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်သို့သွားခြင်း

ဧပြီ ၂၉ ဂျူအားနာ၊ ပေါ်တူဂီ

ဂျူအားနာ ဟာ တတိယတန်းပြီးတဲ့အခါ ကျောင်းသစ်တစ်ကျောင်းသို့သွားဖို့လိုအပ်လာပါတယ်။ ပေါ်တူဂီမှာရှိတဲ့သူမရဲ့ကျောင်းဟာ ပထမတန်းကနေ သတိယတန်းအထိပဲသင်ကြားပေးပါတယ်။ စတုတ္ထတန်းနဲ့အထက်တန်းကိုဖွင့်တဲ့ကျောင်းကိုသူသွားဖို့လိုအပ်ပါတယ်။

မိခင်ကသူ့ရဲ့သူငယ်ချင်းကိုမိတ်ဆက်ပေးဖို့ပြောတဲ့အခါ သူငယ်ချင်းက သတ္တမနေ့အသင်းတော်ကျောင်းကိုညွှန်ပြခဲ့ပါတယ်။ သူငယ်ချင်းကအဲဒီကျောင်းဟာသိပ်ကောင်းတယ်။ ဆရာတွေလည်းကောင်းတယ်လို့မိခင်ကိုပြောပါတယ်။ မိခင်ဟာအဲဒီသတင်းကိုနှစ်သက်ပါတယ်။ သူမဟာသတ္တမနေ့မြော်လင့်ခြင်းအသင်းသူမဟုတ်ပါဘူး။ ဘုရားကျောင်းကိုတပတ်မှလည်းမသွားခဲ့ပါဘူး။ သို့သော် ဘုရားသခင်ကိုတော့သူယုံကြည်ပါတယ်။ ဂျူအားနာ ကိုလည်းဘုရားသခင်ကိုယုံကြည်စေချင်တယ်။ ဒီတော့ ဂျူအားနာကိုခေါ်ပြီး ဂျူအားနာနဲ့သတ္တမနေ့မြော်လင့်ခြင်းကျောင်းမှာ ကျောင်းတက်ရမယ်လို့သူမကိုပြောလိုက်ပါတယ်။

ဂျူအားနာ မြော်လင့်ခြင်းအသင်းတော်ကျောင်းကို တခါမှမကြားခဲ့ပါဘူး။ သို့သော် မြော်လင့်ခြင်းအသင်းကျောင်းတက်ရမှာကိုသူဝမ်းသာပါတယ်။ သူမရဲ့အမေကိုတွေ့တဲ့အခါပျော်ရွှင်စွာနဲ့သူမရဲ့ဖခင်ကိုသတ္တမနေ့မြော်လင့်ခြင်းကျောင်းကိုသွားဖို့ပြောခဲ့တဲ့အခါ သူ့ဖခင်က ဘာလဲလို့အံ့ဩြဲစွာမေးခဲ့ပါတယ်။ သူကလည်းဝမ်းမြောက်စွာသတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ကျောင်းကိုသွားမယ်လို့ထပ်ပြောပါတယ်။ဖခင်ကအဲဒီအဖြေကိုမနှစ်သက်ပါဘူး။သူ့ဖခင်ကသတ္တမနေ့အသင်းတော်ကျောင်းကိုသွားမယ်လို့မပြောနဲ့သတ္တမနေ့မြော်လင့်ခြင်းကျောင်းမှာကျောင်းပညာသင်မယ်လို့ပြောပါဆိုပြီးသူ့ဖခင်ကအပြောကိုပြေပေးပါတယ်။ ဂျူအားနာပျော်ခဲ့ပါတယ်။ ကျောင်းရဲ့ပထမဦးဆုံးနေ့မှာဘယ်ကလေးတွေကျမ်းစာအုပ်ရှိသလဲလို့

မေးလိုက်ပါတယ်။ ဂျိုအားနာမှာကျမ်းစာအုပ်မရှိပါဘူး။ ဒါကြောင့်ဆရာမကကျမ်းစာအုပ်တစ်အုပ်ကို သူ့မှာရှိဖို့ပေးခဲ့ပါတယ်။ အခြားကျမ်းစာမရှိတဲ့ကလေးတွေကိုလည်း ဆရာမကကျမ်းစာအုပ်ပေးပါတယ်။ သူဟာ သူ့ရဲ့ကျမ်းစာအုပ်အသစ်ကို အလွန်နှစ်သက်ပြီး စတင်ဖတ်ခဲ့ပါတယ်။ ကျမ်းစာဖတ်တဲ့အပြင်ယေရှုအကြောင်းကိုစပ်ဆိုတဲ့သီချင်းတွေကိုလည်းသင်ကြားသီဆိုခွင့်ရခဲ့ပါတယ်။ ခရစ်တော်နဲ့ပတ်သက်တဲ့သီချင်းတွေကိုအရင်ကတခါမှမကြားခဲ့ပါဘူး။ သူအလွန်ကြိုက်နှစ်သက်ပါတယ်။

ဂျိုအားနာမိတ်ဆွေသစ်အင်ဂရစ်ကိုကျောင်းမှာရခဲ့ပါတယ်။ အင်ဂရစ်ဟာ သတ္တမနေ့မြော်လင့်ခြင်းအိမ်ထောင်မှုဖြစ်ပါတယ်။ တနေ့တော့အင်ဂရစ်ကဂျိုအားနာကိုတနင်္ဂနေနေ့ကျရင် Pathfinder(ပတ်ဖိုင်ဒါ) (လမ်းတွေ့သူ) အတန်းလာမလားလို့မေး ခဲ့ပါတယ်။

ဂျိုအားနာဟာ လမ်းတွေ့သူ ကိုတခါမှမကြားခဲ့ပါဘူး။ အင်ဂရစ်က သူ့ကို Pathfinder (ပတ်ဖိုင်ဒါ) ဟာအသင်းဖွဲ့ဖြစ်ပြီးကလေးတွေကျမ်းစာကိုလေ့လာတဲ့နေရာဖြစ်တယ်လို့ရှင်းပြခဲ့တယ်။ ဂျိုအားနာသွားချင်တဲ့အတွက်သူ့အမေကိုခွင့်တောင်းပါတယ်။ မေမေဟာကျောင်းကိုအထင်ကြီးပြီးကျောင်းနဲ့ပတ်သက်တဲ့အရာတွေအားလုံးကိုယုံကြည်ကိုးစားတဲ့အထဲမှာ Pathfinder (ပတ်ဖိုင်ဒါ) အဖွဲ့ကိုလည်းယုံကြည်စိတ်ချပါတယ်။ သွားလို့ရတယ်လို့ခွင့်ပေးလိုက်ပါတယ်။

ဂျိုအားနာဟာ တနင်္ဂနေနေ့မှာပတ်ဖိုင်ဒါအတန်းကိုစတင်တက်ခဲ့ပါတယ်။ ပြီးတော့ ပတ်ဖိုင်ဒါတောစခန်းကိုလည်းသွားခဲ့ပါတယ်။ ပတ်ဖိုင်ဒါသီချင်းတွေကိုလည်းသူနှစ်သက်တဲ့အပြင် အစီအစဉ်အားလုံးကိုလည်းသူကြိုက်နှစ်သက်တဲ့အတွက် အစည်းအဝေးကိုတက်ဖို့အမြဲအာရုံစိုက်ခဲ့ပါတယ်။

တစ်ပတ်ရဲ့အားလပ်ရက်မှာဂျိုအားနာဟာမိခင်နဲ့အတူအမြဲမြို့ရဲ့နယ်ဘက်မှာသွားပြီးအနားယူတတ်ပါတယ်။ သို့ပေမယ့်ခုချိန်မှာ သူမသွားချင်တော့

တောင်းပြီးဘုရားနားညောင်းပေးအောင် ဘုရားနဲ့မိတ်ဆက်ပေးဖို့ကူညီမှာဖြစ်ပါတယ်။

ခုအနောက်ခုကနေသူမေးခွန်းတစ်ခုမေးလိုက်ပါတယ်။ ဘုရားဒီမှာရှိလား။ ဒီမေးခွန်းဟာ ကောင်းတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီအနားမှာ ဘုရားရှိသလား။ ဖေဖေကရှိတယ်လို့ပြန်ဖြေပါတယ်။ ဒို့ သူ့ကိုကူညီဖို့တောင်းရမယ်။ ဖေဖေမျက်စိမှိတ်လိုက်တယ်။ မေမေမျက်စိမှိတ်လိုက်တယ်။ ဇက်ဇက်လည်းမှိတ်လိုက်တယ်။ ဖေဖေက "ချစ်စွာသောဘုရားလေယာဉ်ကွင်းသွားနောက်မကျဖို့ရန် ကားသော့ကိုပြန်တွေ့ရန်မစပါ အာမင်" လို့ဆုတောင်းလိုက်တယ်။ ဖေဖေမျက်စိဖွင့်တဲ့အခါ ကားသော့ကို ကားခေါင်မိုးပေါ်မှာရှိနေတာတွေ့ရတယ်။ "အားမလေး" ဖေဖေအော်မိတယ်။ ဘုရားငါတို့ဆုတောင်းသံကိုနားညောင်းတယ်။ ဖေဖေကားထဲဝင်လိုက်တယ်။ မေမေလဲကားထဲဝင်လိုက်တယ်။ ဇက်ဇက်ကတော့ ကားထဲမှာရှိပြီးသား။ ဖေဖေကားစက်နှိုးတာကိုသူကြည့်နေတယ်။ဇက်ဇက်ကအကြာကြီးငြိမ်နေတယ်။ခုသူဒုတိယအကြိမ် စကားပြန်ပြောတယ်။ ဖေဖေ ဘုရားကျနော်တို့နဲ့အတူရှိဖို့ ဆုတောင်းရအောင်။ ဒါနဲ့ဖေဖေဟာမေမေနဲ့ဇက်ဇက်ကိုကြည့်လိုက်တယ်။ လူကလေးကမှန်တယ်။ အင်ဒရူးကိုဟိုတယ် မှာကြိုပြီးလေယာဉ်ကွင်းကို မပို့ခင်ဆုတောင်းရမယ်။ ဇက်ဇက်ဆုတောင်းတယ်။ "ချစ်လှစွာသောဘုရား လေယာဉ်ကွင်းသွားတဲ့လမ်းကျတော်တို့ကိုစောင်မတော် မူပါ။ ထိခိုက်ဒဏ်ရာမရဖို့ရန်လည်းစောင်မတော်မူပါ အာမင်"

ဖေဖေဟာ ဘုရားသခင်သူတို့အနီးမှာရှိတဲ့အတွက်အရမ်းဂမ်းသာတယ်။ မေမေလည်း ဘုရားသူတို့ရဲ့ဆုတောင်းသံကိုကြားတဲ့အတွက် ဂမ်းသာတယ်။ ဇက်ဇက်လည်းဘုရားသူတို့အနားမှာနေပြီးဆုတောင်းသံကိုနားညောင်းပေးတဲ့ အတွက်သူဂမ်းသာခဲ့တယ်။ သူတို့သော့ပြန်တွေ့ဖို့သူတို့ရဲ့ဆုတောင်းသံကိုကြားတယ်။ ခုလည်းသူတို့လေယာဉ်ကွင်းကို ချောမောစွာရောက်နိုင်ဖို့ဘုရားကြားပါလိမ့်မယ်။ ဘုရားကတကယ်ပဲလုပ်ပါတယ်။

ဇက်ဇက်ဟာ ဂျာမနီကသာသနာမိသားစုကဖြစ်ပါတယ်။ ဒီအပတ်သင်တို့ရဲ့ ၁၃ ပတ်အလှူငွေဟာ ဂျာမနီသာသနာပြုများ တကမ္ဘာလုံးရှိလူတွေ ဆု

ပါဘူး။ သူ့ရဲ့အမေက သမီးနယ်မှာအနားယူဖို့နှစ်သက်တာပဲ ဘာကြောင့်ခုမသွားချင်တာ လဲလို့မေးတဲ့အခါ ဟုတ်ပါတယ်၊ သို့သော် တနင်္ဂနွေနေ့ ပတ်ဖိုင်ဒါ အတန်းကို လက်မလွတ်ချင်ဘူးလို့ဖြေခဲ့ပါတယ်။ မိခင်ကသဘောပေါက်ပါတယ်။

ဂျိုအားနာကတနေ့ထက်တနေ့ ပတ်ဖိုင်ဒါ မှာနိုးကြားစွာပါဝင်ခဲ့ပါတယ်။ တနေ့တော့သူ့ရဲ့အသက်တာကို ဘုရားထံအပ်နှံဖို့သူဆုံးဖြတ်ခဲ့ပါတယ်။ ပြီးတော့ နှစ်ခြင်းခံယူရန်ဆုံးဖြတ်ခဲ့ပါတယ်။ သတ္တမနေ့အသင်းတော်သို့ဝင်ဖို့ဆန္ဒရှိပါတယ်။ ဂျိုအားနာ ရဲ့ဆုံးဖြတ်ချက်ကိုမိခင်ကအံ့အားသင့်ပါတယ်။ သူအားပေးလားအားမပေးလားဆိုတာကိုသူမသေချာဖြစ်နေပါတယ်။ သူ့အဖေကပါဂျိုအားနာကိုငါတို့အသင်းတော်ကိုတခါမှမဖိတ်ခဲ့ဘူး။ ဒါကြောင့်သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ကိုသွားလို့လဲငါတို့မတားဘူးလို့ပြောခဲ့ပါတယ်။ မေမေကဖေဖေပြောတာမှန်တယ်လို့ထောက်ခံခဲ့ပါတယ်။ ဂျိုအားနာကနှစ်ခြင်းခံယူခဲ့ပါတယ်။ ယနေ့ဂျိုအားနာကြီးလာပြီးသူအလွန်ပျော်ပါတယ်။ သူ့မိခင်ဟာသူ့ကိုသတ္တမနေ့အသင်းတော်ကျောင်းကိုကျောင်းနေဖို့ပို့ပါတယ်။သူ့ရဲ့အသက်တာကိုကျောင်းကပြောင်းလဲပေးခဲ့တယ်။

ဤ ၁၃ ပတ်အလှူငွေဟာ ပေါ်တူဂီ စီတူဘာ မြော်လင့်ခြင်းမူလတန်းကျောင်းကိုပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်။ ကလေးများရဲ့အသက်တာကို ဘုရားကပြောင်းလဲပေးနိုင်မှာဖြစ်ပါတယ်။ ရက်ရောစွာပေးကမ်းတဲ့အတွက် ကျေးဇူးတင်ပါတယ်။

၄ နှစ်သား ကျော့ရဲ့မိခင်ဟာ ကျော့ကိုမူကြိုကျောင်းကိုပို့တဲ့အခါ ကျော့ဟာ ငိုပါတယ်။ ဘာကြောင့်ငိုရလဲဆိုတာ သူ့အမေက နားမလည်ပါဘူး။ ဘာကြောင့် လဲဆိုတော့ မူကြိုကျောင်းကိုအရင်ရက်တွေကလည်းသူတက်ခဲ့ပါတယ်။ သူမငိုပါ ဘူး။ ခုဘာကြောင့်ငိုရသလဲဆိုတာကျော့မေမေနားမလည်ခဲ့ပါဘူး။ ကျော့ကရှင်းရှင်း ပဲပြောတယ်။ အဲဒီကျောင်းကိုသူမကြိုက်လို့တဲ့။ အိမ်ရောက်တော့ကျော့ရဲ့မိခင် ဟာဘာလုပ်ရမှန်းမသိဖြစ်နေတယ်။ အဖွား ကလည်းဘာလုပ်ရမှန်းမသိဘူး။

ရက်အနည်းငယ်ကြာတဲ့အခါ မေမေနဲ့ဖေဖေဟာ ကျွန်းရဲ့အကြီးဆုံးမြို့ တစ်မြို့ဖြစ်တဲ့ ပွန်ချာမြို့ကို ကစ္စတစ်ခုလုပ်စရာရှိလို့သွားကြပါတယ်။ ကျော့လည်း သူတို့နဲ့လိုက်သွားခဲ့တယ်။ သူတို့လုပ်ငန်းကိစ္စနဲ့သွားရင်း မိခင်ဟာ သပ်ရပ်သန့် ရှင်းတဲ့ဂန်းကျင်နဲ့ ခြံဝင်းကို ကောင်းကောင်းခတ်ထားပြီး သံတံခါးဂိတ်နဲ့ မူကြို ကျောင်းကလေးတစ်ကျောင်းကိုသတိထားမိပါတယ်။

မေမေကဖေဖေကိုကြည့်စမ်း ဒီကျောင်းဟာ ကျော့ကိုလက်ခံမလားမသိ ဘူး လို့ပြောလိုက်ပါတယ်။ မေမေရယ် ဖေဖေရယ် ကျော့ရယ် ဂိတ်ကိုဖြတ်ပြီး ကျောင်းဝင်းထဲကိုလျှောက်ခဲ့ပါတယ်။ ကျော့ဟာကျောင်းဝင်းထဲကို ခြေချလျှောက် လိုက်တာနဲ့ဒီကျောင်းကိုငါကြိုက်တယ်လို့ပြောလိုက်ပါတယ်။ အခြားကျောင်းသား လေးတွေကျောင်းဝင်းကစားကွင်းထဲမှာ ကစားနေတာကျော့တွေ့တဲ့အခါ သူကအ ခြားဘယ်ကျောင်းကိုမှငါမသွားတော့ဘူးလို့ပြောလိုက်ပါတယ်။

ကျော့ဟာ ဆုံးဖြတ်ချက်ချပြီးသားမျက်နှာနဲ့ အမေနဲ့အဖေကိုကြည့်လိုက် ပြီး "အခြားဘယ်ကျောင်းကိုမှငါမသွားတော့ဘူး" လို့လမ်းလျှောက်ရင်းပြောလိုက် ပါတယ်။ ဆရာတစ်ယောက်အဆောက်ဦးထဲကနေထွက်လာပါတယ်။ မေမေက

၃ နှစ်သားအရွယ်ရှိတဲ့ဇက်ဇက်ဟာအရမ်းစိတ်လှုပ်ရှားခဲ့ပါတယ်။ သူဟာ သူ့အဖေအမေနဲ့အတူ ဂျာမနီမှာရှိတဲ့ဖရင့်ဖော့(Frankfurt) လေဆိပ်ကိုသွားခဲ့ကြ ပါတယ်။ ဖေဖေဟာ သူ့သူငယ်ချင်းအင်ဒရူးကို လေယာဉ်ကွင်းမှာ သွားခေါ်ရမှာ ဖြစ်ပါတယ်။ အဲဒီခရစ်က တစ်နာရီကြာမောင်းရတဲ့ခရီးဖြစ်ပါတယ်။ ဇက်ဇက်ဟာ သူ့အဖေနဲ့အတူ ကားဆီကူးသွားပါတယ်။ ဖေဖေဟာ ကားကိုသူ့ရဲ့သော့နဲ့ဖွင့်ပါ တယ်။ ပြီးတော့ ဇက်ဇက်ကို ကားနောက်ခန်း ကလေးထိုင်ခုံမှာထားပြီး ခါးပတ် ပတ်ပေးပါတယ်။ ပြီးတဲ့နောက် ဖေဖေနဲ့မေမေဟာ ထွက်ခွာဖို့အဆင်သင့်ဖြစ်နေ ပါတယ်။

သို့သော်တစ်ခုခုမှားနေတာတွေ့ရတယ်။ ဖေဖေက ကားသော့ဘယ်မှာ လဲ လို့မေးပါတယ်။ ဖေဖေလဲမသိဘူး။ မေမေလဲမသိဘူး။ ဇက်ဇက်လဲမသိဘူး။ ဖေဖေနဲ့မေမေသော့ကိုရှာတဲ့အခါ ဇက်ဇက်က ကားနောက်ထိုင်ခုံကနေကြည့်နေ ပါတယ်။ ဖေဖေဟာ သေတ္တာကိုဖွင့်ပြီးအထဲကိုကြည့်တယ်။ ဘာမှမတွေ့ဘူးလေ။ မေမေလည်း ကားရှေ့ခန်းမှာလိုက်ရှာတယ်။ ဘာမှမတွေ့ဘူး။ "ကားသော့ ငါ့ လက်ထဲမှာရှိခဲ့တယ်" လို့ဖေဖေပြောတယ်။ ကားသော့တွေ့တာနဲ့ တံခါးဖွင့်ခဲ့ တယ်။ ဇက်ဇက်ကိုလည်းနောက်ထိုင်ခုံမှာထားခဲ့တယ်။ ကားသော့ကိုငါဘာလုပ် သေးလဲ။ ဖေဖေလည်းမသိ။ မေမေလဲမသိ။ ဇက်ဇက်လဲမသိကြဘူး။ အင်ဒရူးက သူ့ကို လာခေါ်ပြီး လေယာဉ်ပျံကွင်းပို့ဖို့ ကျနော်တို့ကိုစောင့်နေပါတယ် လို့ဖေဖေ ကပြောတယ်။ လေယာဉ်ကိုတော့ နောက်ကျလို့မဖြစ်ဘူး။ ဒို့ဘာလုပ်ကြမလဲ။ ဖေဖေလဲမသိ။ မေမေလဲမသိ။ ဇက်ဇက်လဲမသိ။

ဖေဖေအကြံတစ်ခုရှိတယ်။ သော့ကိုတွေ့ဖို့ဘုရားကိုဆုတောင်းရအောင် လို့ဖေဖေပြောတယ်။ ဇက်ဇက်နောက်မှာထိုင်ပြီးတချိန်လုံးငြိမ်ခဲ့ပါတယ်။ သို့သော်

တယ်။ ဖွားဖွား Brigitte ဂရုမစိုက်တော့ပါဘူး။ အိမ်ထဲမှာရှိတဲ့အရာအားလုံး လုံခြုံ သွားပါပြီ။

လွန်ခဲ့တဲ့ ၃ နှစ်ကသင့်ရဲ့ ၁၃ ပတ်အလှူငွေဟာ ဖွားဖွား Brigitte ရဲ့ နေရာမှာ ပံ့ပိုးကူညီခဲ့ပါတယ်။ ဂျာမနီရှိ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ဟာအသင်းတော်အမှုဆောင်တော်တော်များများ ကမ္ဘာ့သာသနာလုပ်ငန်းကို ပို့ဆောင်ခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း အမှုတော်ဆောင်များများပို့နိုင်ဖို့ရန် ဂျာမနီပြည် Darmstadt မှာရှိတဲ့ မာရီအင်ဟိုဟီ (Marienhohe) ကျမ်းစာကျောင်းကို ပြန်ပြုပြင်ဆောက်ဖို့ရန်သင့်ရဲ့ ၁၃ ပတ်အလှူငွေကပံ့ပိုးမှာဖြစ်ပါတယ်။ ရက်ရောစွာလှူဒါန်းတဲ့အတွက် ကျေးဇူးတင်ပါတယ်။

အဲဒီဆရာမကို အခြားမူကြိုကျောင်းတွေကို ဂျော့မကြိုက်ကြောင်းပြောပြတယ်။ ဆရာမက ဂျော့ဒီကျောင်းကိုလာနိုင်ပါတယ်လို့ပြောပြီး ကျောင်းရဲ့အသင်းအုပ်ဆရာနဲ့ဂျော့တို့မိသားစုကို မိတ်ဆက်ပေးလိုက်ပါတယ်။ အသင်းအုပ်ဆရာနာမည်ကအန်တိုနီယို ဖြစ်ပါတယ်။

ကျောင်းရဲ့တရားဟောဆရာအန်တိုနီယိုဟာခင်မင်တတ်တဲ့သူဖြစ်တယ်။ သူကဒီကျောင်းဟာ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ပိုင်ဖြစ်ကြောင်းပြောပြပါတယ်။ ကလေးများအသားလွတ်ဟင်းသီးဟင်းရွက်နဲ့အစာစားတဲ့အဆောင်ကိုလိုက်ပြပါတယ်။ စာသင်ခန်းတွေလိုက်ပြပေးပါတယ်။ ဂျော့မေမေဟာကျောင်းနံရံပေါ်မှာခရစ်တော်ရဲ့အကြောင်းရာပန်းချီလေးတွေကပ်ထားတာတွေ့ရပါတယ်။ သူ့အနေနဲ့ဒီကျောင်းဟာ ဂျော့အတွက် အကောင်းဆုံးကျောင်းဖြစ်တယ်လို့သိလိုက်ပါတယ်။

သတ္တမနေ့အသင်းတော်မှာကျောင်းတက်ရမယ်လို့ဂျော့သိတဲ့အခါသူဝမ်းသာလို့ထခုန်လိုက်တယ်။ ကျောင်းသွားရတာ ဂျော့အတွက် ပထမဆုံးနေ့မှစပြီးပျော်ခဲ့ပါတယ်။ သူမငိုသလို စိတ်လဲမဆိုးခဲ့ဘူး။ ခဏအကြာမှာမိခင်ဟာ ဒုတိယထပ်မှာဘုရားကျောင်းရှိတယ်ဆိုတာသိခဲ့ရတယ်။ သူမစူးစမ်းချင်လာတယ်။ ဂျော့ရဲ့ဆရာမက ဂျော့မေမေကို ဗုဒ္ဓဟူးနေ့ညဆုတောင်းစည်းဝေးကိုဖိတ်ခေါ်ခဲ့တယ်။ နောက်လဲဖိတ်ခေါ်ခဲ့တယ်။နောက်တော့ဂျော့ဖေဖေလည်းဆုတောင်းစည်းဝေးကို လိုက်ပါလာခဲ့ပါတယ်။

မကြာခင်မှာပဲ ဂျော့မေမေနဲ့ဖေဖေဟာ သူတို့နှလုံးသားကို ခရစ်တော်ထံ အပ်နှံခဲ့ပါတယ်။ ဂျော့အဖွားလည်း ခရစ်တော်ထံသူ့နှလုံးသားကိုအပ်နှံပြီးနှစ်ခြင်းခံခဲ့ပါတယ်။ ဂျော့ရဲ့အသက် ၁၂ မှာလည်း သူနှစ်ခြင်းကိုခံယူခဲ့ပါတယ်။ ခုအချိန်မှာတော့ဂျော့ဟာဘုရားကျောင်းမှ စန္ဒယား, ဂစ်တာ နဲ့ Ukukele ကို တီးနေပါပြီ။ ဒီကနေ့မှာ ဂျော့မိခင်ဟာ မူကြိုကျောင်းမှာ ဘာကြောင့်ငိုတာလည်းမသိပေမယ့်

မျှော်လင့်ခြင်းကျောင်းများ သူပျော်နေတာသူတွေ့ရပါတယ်။ ဖွားဖွားလည်းနားမလည်ခဲ့ပါဘူး။ ဂျော့လည်းဘာကြောင့်ဘာကြောင့်ရတာလည်းဆိုတာမသိခဲ့ပါဘူး။ သို့သော် တစ်ခုကတော့ရှင်းပါတယ်။ ဂျော့မြော်လင့်ခြင်းအသင်းတော်ကျောင်းကို သွားခဲ့တဲ့အတွက် သူ့အသက်တာနဲ့ သူ့မိသားစုအသက်တာ ပြောင်းလဲခဲ့ကြပါတယ်။ ကျွန်တော်မြော်လင့်ခြင်းအသင်းသားတစ်ယောက်ဖြစ်ရတာအလွန်တရာဂမ်းသာပါတယ် လို့ ဂျော့ပြောပါတယ်။ ဒီ ၃ လပတ်အလှူငွေဟာ ပေါ်တူဂီမှာရှိတဲ့ စတူဘာလ်မြော်လင့်ခြင်းမူလတန်းကျောင်းကိုဖွင့်နိုင်ရန်ကူညီပံ့ပိုးပါလိမ့်မည်။ ထိုသို့ဖြင့် အခြားသောကလေးသူငယ်များရဲ့အသက်တာ ဘုရားသခင်ရဲ့တန်ခိုးတော်အားဖြင့်ပြောင်းလဲဖို့ရန်ဖြစ်ပါတယ်။ ရက်ရောစွာလှူဒါန်းတဲ့အတွက်ကျေးဇူးတင်ပါတယ်။

တပတ်၊ နှစ်ပတ်၊ သုံးပတ် မိုးမရွာပါဘူး။ ဘုရားသခင်ဆီမှာဖွားဖွားဘရီဂတီဆက်ပြီးမိုးမရွာဖို့ဆုတောင်းပါတယ်။ သို့သော်တစ်နေ့မှာ မိုးပေါ်မှာတိမ်မဲတွေတက်လာပါတယ်။ နေရာတကာမှာတိမ်မဲနဲ့ပြည့်ပြီးမိုးအေးနေတယ်ဆိုတာတွေ့ရတယ်။ မြေကြီးကိုထိလုနီးပါးဖြစ်ပါတယ်။ ဖွားဖွားဘရီဂတီ ဟာ တိမ်တွေကိုကြည့်ပြီး ဘုရားကိုဆုတောင်းပါတယ်။ အဖဘုရားမိုးမရွာစေပါနဲ့ ကျမတို့စိုကုန်ပါမယ်။

မကြာခင်မှာ မိုးဟာ သူအိမ်နီးချင်းရဲ့ ပြတင်းပေါက်ကို ကျလာတာတွေ့ရပါတယ်။ ပထမကတော့နည်းပေမယ့်နောက်များလာပါတယ်။ မကြာခင်မှာအိမ်နီးချင်းအိမ်ရဲ့အမိုးမှာ မိုးရွာပါတော့တယ်။

အဖွားဘရီဂတီကြည့်နေတဲ့အချိန်မှာပဲသူ့ရဲ့လက်မောင်းမိုးစက်ထိမိတယ်လို့ခံစားရပါတယ်။သူသေချာစွာကြည့်တဲ့အခါဟုတ်ပါတယ်။မိုးရေသူ့လက်မောင်းပေါ်ကိုကျလာတာမှန်ပါတယ်။ အခြားနေရာမှာလည်းစိုလာတယ်လို့အဖွားဘရီဂတီခံစားရပါတယ်။ ဒါနဲ့သူဆုတောင်းလိုက်ပါတယ်။ အဖဘုရားမိုးမရွာစေပါနဲ့။ ကျွန်ပ်တို့စိုသွားပါမယ်။ဒါနဲ့သူလက်မောင်းပေါ်မိုးရေကျတာရပ်သွားပါတယ်။

သို့သော် သူ့အိမ်နီးနားချင်းအိမ်မှာ မိုးရွာဆဲဖြစ်ပါတယ်။ အခြားအိမ်ကိုကြည့်လည်းမိုးအသည်းအသန်ရွာနေတာတွေ့ရပါတယ်။ မိနစ် ၃၀ လောက်လမ်းတဖက်ကအိမ်တွေမိုးသည်းထန်စွာရွာပါတယ်။ မိုးတိမ်မည်းကလည်း ဖွားဖွားဘရီဂတီရဲ့အိမ်အပေါ်မှာနီးကပ်စွာရှိပါတယ်။ သို့သော်အိမ်ပေါ်ကို မိုးရေလုံးဂမကျခဲ့ပါဘူး။ သူ့ရဲ့အိပ်ရာ၊ ကုတင် စားပွဲ ကျမ်းစာအုပ် အိမ်ထဲရှိတဲ့ပစ္စည်း တစ်ခုမှမစိုခဲ့ပါဘူး။ နောက်တစ်နေ့မှာလူတွေမနေ့ မိုးသည်းထန်တဲ့အကြောင်းပြောနေကြပါတယ်။ သို့သော် ဖွားဖွား Brigitte ရဲ့အမိုးမရှိတဲ့အိမ်ပေါ်ကို မိုးလုံးဂမကျခဲ့ပါဘူး။ သူ့ရဲ့အိမ်ဟာ လွတ်မြောက်ခဲ့ပါတယ်။ သူဘုရားကိုကျေးဇူးတင်စကားပြောခဲ့ပါတယ်။ တစ်ပတ်ကြာပြီးတဲ့နောက် အိမ်မိုးပြီးခဲ့ပါတယ်။ မိုးလည်းစပြီးရွာပါတော့

ဖွားဖွားဘရိုဂတီ ဟာအိမ်အမိုးသစ်ကို လိုနေပါတယ်။ နေပူရှိန်ကြောင့် အိမ်မိုးတွေဟာကွဲအက်လာပြီးမိုးရွာနှင့်ကျရင်အိမ်ထဲကို ရေစိမ့်ဝင်လာတဲ့အတွက် ဖြစ်ပါတယ်။ဖွားဖွားဘရိုဂတီဟာလုံလောက်တဲ့ငွေမရှိတဲ့အတွက်သူဟာငွေစတင်စုပါတယ်။ သို့သော်ဘုရားကျောင်းနေရာအသစ်မှာရှိတဲ့လူတွေကိုဘုရားသခင်အကြောင်းအခြားတိုင်းပြည်မှာပြောပြဖို့စီမံကိန်းရှိလို့ကြားရတဲ့အတွက်သူဆုဆောင်းထားတဲ့ငွေတွေကို အမှုတော်အတွက်ပေးခဲ့ပါတယ်။ ဘုရားသခင်အိမ်မိုးဖို့ရန် ပြန်ပေးလိမ့်မယ်လို့သူယုံကြည်ပါတယ်။

သူအမှုတော်မှာ ပေးကမ်းပြီးမကြာခင်မှာပဲ စာတိုက်မှာ အံ့ဖွယ်ရာအိမ်တစ်အိမ်ကို သူလက်ခံရရှိခဲ့ပါတယ်။ အိမ်မိုးရန်အတွက် လုံလောက်တဲ့ငွေလဲ ပါပါတယ်။ ဘုရားထံက အံ့ဖွယ်ရာဖြစ်ပါတယ်။ ဒါကြောင့် အိမ်ရဲ့အမိုးဟောင်းကို ခွဲထုတ်လိုက်တယ်။ သို့သော်အမိုးသစ်ကို မိုးဖို့ရန် အချိန်ယူရမှာဖြစ်ပါတယ်။ ကြီးမားတဲ့ခေါင်မိုးဖြစ်တဲ့အတွက် လေးပတ်လောက်အချိန်ယူရမှာဖြစ်ပါတယ်။

ဖွားဖွားဘရိုဂတီ ဟာ စိုးရိမ်မိပါတယ်။ နွေရာသီဖြစ်သော်ငြားလည်း တခါတလေမိုးရွာတတ်ပါတယ်။ သူရေစိုမှာကို မစိုးရိမ်ပါဘူး။ သို့သော်အိမ်မိုးမရှိရင်မိုးရွာခဲ့သော် ကုတင်စိုမှာ အိပ်ရာစိုမှာ ခုံတန်းလျားတွေစိုမှာကို စိုးရိမ်မိခဲ့ပါတယ်။ ကျမ်းစာ၊ အဂတ်အစားတွေစိုမှာလည်းစိုးရိမ်ပါတယ်။ အိမ်ထဲရှိတဲ့အရာအားလုံးကို စိုးရိမ်ပါတယ်။

ဖွားဖွားဘရိုဂတီ ဆုတောင်းလိုက်ပါတယ်။ အဖဘုရား မိုးကိုမရွာစေပါနဲ့။ ကျမတို့အိမ်မိုးမရှိလို့အားလုံးစိုသွားပါလိမ့်မယ်။ အဲဒီနေ့မှာမိုးမရွာခဲ့ပါဘူး။ နောက်နေ့မှာလည်း အဲဒီအတိုင်းပဲ ဆက်ဆုတောင်းပါတယ်။ အဲဒီနေ့လည်းမိုးမရွာပါဘူး။

ဖွားဖွားဘရိုဂတီ ဟာဂျာမနီမှာရှိတဲ့သူ့ရဲ့အိမ်ကို အရမ်းနှစ်သက်ပါတယ်။ သူမမွေးခင်ကတည်းက အဲဒီအိမ်ကိုဆောက်ခဲ့ပါတယ်။ အိမ်ငယ်လေးတစ်လုံးဖြစ်ပါတယ်။ အိမ်ထဲမှာမီးဖိုချောင်တစ်ခန်း၊ အိမ်ခန်းအကြီးတစ်ခန်းနဲ့ အိပ်ခန်းအငယ်လေးတစ်ခန်းရှိပါတယ်။ ကလေးအိပ်ခန်းဖြစ်ပါတယ်။ ဖွားဖွားဘရိုဂတီငယ်စဉ်ကအဲဒီအခန်းလေးမှာအိပ်ပါတယ်။ သူ့ရဲ့မိဘတွေကတော့ အိပ်ခန်းကြီးထဲမှာအိပ်ပါတယ်။ သူမအရွယ်ရောက်လာတဲ့အခါ အိမ်ထောင်ပြုပါတယ်။ သို့သော် ကိုယ်ပိုင်အိမ်ကို မဂယ်နိုင်ခဲ့ကြဘူး။ ဒါကြောင့် သူတို့အခန်းကြီးမှာနေကြတယ်။ မိဘတွေကတော့အိပ်ခန်းငယ်ကိုပြောင်းကြပါတယ်။ နောက်မကြာမီမှာ ဖွားဖွားဘရိုဂတီ ဟာ အမေတစ်ယောက်ဖြစ်လာပါတယ်။ ဖွားဖွားဟာ ကလေးနှစ်ယောက်မွေးဖွားလာပါတယ်။ အဲဒီအတွက်ကြောင့်လူ ၄ ယောက်ဟာအိမ်ခန်းကြီးထဲမှာ အတူနေကြပါတယ်။ ဖွားဖွားဘရိုဂတီမိဘတွေဟာခုမှာအဘိုးအဖွားတွေဖြစ်လာပြီး ခုချိန်မှာ ကလေးအိပ်ခန်းငယ်ထဲမှာ ဆက်နေကြပါတယ်။ အိမ်လေးဟာ ဆန့်ရုံမျှသာရှိနေပါတယ်။ တစ်နှစ်ကျော်ခဲ့တယ်။ နောက်ပြီး နှစ်နှစ် နောက်သုံးနှစ် ကျော်လွန်လာတဲ့အခါမှာ ဖွားဖွားဘရိုဂတီ ဟာ အိမ်ကြီးဆောက်ဖို့လိုလာပြီးလို့စပ်းစားခဲ့မိပါတယ်။ သူမရဲ့ခင်ပွန်းကလည်းပိုကြီးတဲ့အိမ်ဆောက်ဖို့လိုလာပြီလို့လည်းစပ်းစားပါတယ်။ ကလေးတွေနဲ့ အဘိုးအဖွားတွေကလည်း အဲဒီလိုပဲတွေးမိပါတယ်။ အဲဒါကြောင့် အခန်းသစ်နှစ်ခန်းကို အိမ်နဲ့တွဲပြီးဆောက်ခဲ့ပါတယ်။ အိမ်ကလေးဟာ အိမ်ကြီးဖြစ်လာပါတယ်။ အိမ်ကကြီးလာသော်လည်း အခန်းတွေဟာ မကြာမီ ပြည့်လာပါတယ်။ ကလေးနှစ်ယောက်ထပ်မွေးဖွားလာတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ကလေးတွေကြီးလာတဲ့အတွက် နေရာပိုလိုလာပါတယ်။ ဒါကြောင့်သူတို့အမိုးကိုဖယ်ရှားပြီး နောက်ထပ်ခိုးဆောက်ရပါတယ်။ ကလေးတွေဟာ အမိုးသစ်အောက်ထပ်ခိုးအပေါ်မှာ အိပ်ရတာအလွန်နှစ်သက်ကြပါတယ်။ အိမ်ဆောက်တဲ့

လူက အမိုးဟာနှစ်တော်တော်ကြာခံနိုင်မယ်လို့ဂတိပေးပါတယ်။ ဆယ်နှစ် အနှစ်နှစ်ဆယ်ကုန်လာတဲ့အခါအိမ်ဟာတော်တော်လေးပြောင်းလဲလာပါတယ်။ သားသမီး ၄ ယောက်ဟာကြီးလာပြီး သူတို့ကိုယ်ပိုင်အိမ်ကိုပြောင်းသွားကြပါတယ်။ ဖွားဖွားဘရီဂတီ ဟာ အသက်ကြီးလာပြီးအခုအဖွားဖြစ်လာပါတယ်။ အိမ်လည်းအိုလာပြီးအမိုးသစ်လိုလာပါတယ်။ နေပူချိန်ဟာ အမိုးတွေကိုအက်ကွဲလာစေပါတယ်။ မိုးရွာတဲ့အချိန်နှင်းကျတဲ့ချိန်မှာ ရေတွေအိမ်ထဲကိုစိမ့်ဝင်လာပါတယ်။ ဖွားဖွားအိမ်အမိုးသစ်ပြန်မိုးဖို့လိုပါတယ်။ သူလေ့လာတဲ့အခါ ငွေအတော်များများလိုမယ်လို့သိရပါတယ်။ ဖွားဖွားလည်းငွေလေးတွေစုဆောင်းထားပါတယ်။

အဲဒီအချိန်မှာ အဖွားဘရီဂတီ ဟာအသင်းတော်မှာသတင်းတစ်ခုကြားရပါတယ်။ အသင်းတော်မှာသာသနာစီမံကိန်းတစ်ခုရှိတဲ့အတွက်ငွေလိုနေပါတယ်။ ဖွားဖွားမျာ အိမ်မိုးပြင်ဖို့ဆုတောင်းထားတဲ့ငွေပဲရှိပါတယ်။ သာသနာလုပ်ငန်းကိုလည်း အလှူငွေပေးချင်တယ်။ ပေးဖို့ကလည်းအမိုးပြင်ဖို့ငွေတွေရှိပါတယ်။

သို့သော် ဖွားဖွားဟာစဉ်းစားမိပါတယ်။ ဒီအတိုင်းဖြစ်ဖို့ငွေနဲ့အမှုတော်မှာ လှူဒါန်းရင်းလည်း ဘုရားသခင်အိမ်မိုးသစ်ကိုပေးနိုင်ပါတယ်။ ဒါကြောင့်ဖွားဖွားဘရီဂတီဟာအိမ်မိုးပြင်မယ့်ငွေနဲ့အသင်းတော်သာသနာလုပ်ငန်းကိုလှူခဲ့ပါတယ်။ မကြာခင်မှာစာအိပ်တစ်အိပ် စာတိုက်ကရောက်လာပါတယ်။ ဖွားဖွားဟာအသက်ကြီးပြီး အစိုးရဌာနမှ အနားယူခဲ့ပါတယ်။ အစိုးရဌာနမှဖွားဖွားစားဖို့သွားဖို့အမြဲငွေပါနေပါတယ်။ သို့သော် အခုက အိမ်ကမမျှော်လင့်တဲ့စာအိပ်ဖြစ်နေပါတယ်။ ဖွားဖွားဘရီဂတီဟာ စာအိပ်ဖွင့်ဖတ်တဲ့အခါ စာထဲမှာ ငါတို့သင်ငွေလိုအပ်နေတာကြားလို့ ငွေပို့လိုက်ပါတယ်လို့ရေးထားပါတယ်။ ဖွားဖွားဟာ ငွေကို ကြည့်တဲ့အခါ အိမ်အမိုးအသစ်မိုးဖို့အတွက်လုံလောက်တဲ့ငွေဖြစ်နေပါတယ်။ ဖွားဖွားဘရီဂတီ ဟာ အရမ်းဂမ်းသာသွားပါတယ်။ ဂျာမနီကသူ့အိမ်ကိုသူချစ်ပါတယ်။ သူလာမယ့်နှစ်ပေါင်းများစွာနေထိုင်လို့ရပါတယ်။ ငွေဟာကြီးမားတဲ့အံ့ဩဖွယ်ရာဖြစ်ပါတယ်။ အဖွားဘရီဂတီ ကဘုရားကိုအဲဒီငွေအတွက်ကျေးဇူးတင်ပါတယ်လို့ပြောပါတယ်။

ဒီအပတ် ၁၃ ပတ်အလှူငွေဟာ အဖွားဘရီဂတီ ရဲ့ဒေသသာသနာလုပ်ငန်းကို ထောက်ပံ့မှာဖြစ်ပါတယ်။ လှူဒါန်းတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။